# မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့

## မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ (၂၀၁၀)



LANDMINE & CLUSTER MUNITION MONITOR

မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (LCM)သည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့်ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာစည်းရုံး လှုံ့ဆော်ရေးအဖွဲ့ (ICBL) ကို ကမ္ဘာ့အဝှမ်းလူသတ်မိုင်းများ ရှင်းလင်းပပျောက်ရေး အတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည် နိုင်ငံပေါင်း ၇၀ တွင်ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုလ်ဘယ်ဆုရခဲ့သည်။ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲလက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်များကြောင့် နောက်ထပ်ထိခိုက်သေကြေဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်အတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက်များကြောင့် အတိဒုက္ခရောက်မှုများကို ထာဝရအဆုံးသတ်စေရန်အတွက် လုပ်ဆောင်နေသော နိုင်ငံတကာ လူထုအခြေပြုစည်းရုံးလှုံ့ဆောင်ရေး အဖွဲ့ ဖြစ်သည်။

**မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့**သည် ၁၉၉၇ ခုနှစ် မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်ကို အကောင်အထည်ဖေါ်မှုကို မှတ်တမ်းတင်ဆောင်ရွက်ပြီး **ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့**က ၂၀၀၈ ခုနှစ် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက် ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ်အကောင်အထည်ဖေါ်မှုကို မှတ်တမ်းတင်ဆောင်ရွက်သည်။ ၎င်းအဖွဲ့နှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာရသည့် အကျပ်အတည်းများကို နိုင်ငံတကာ အသိုင်းအဝန်းက ဖြေရှင်းဆောင်ရွက်သည့် အားထုတ်ချက်များကိုလည်း လေ့လာကြသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့အထိ ကမ္ဘာ့အစိုးရများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကိုက်ညီသော နိုင်ငံပေါင်း ၁၅၆ နိုင်ငံသည် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ရေးသဘောတူစာချုပ်ကို သဘောတူခြင်း (ဝါ) လက်ခံခဲ့ပြီးဖြစ်ကာ နိုင်ငံပေါင်း ၁၀၈ နိုင်ငံက ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ထိုးခြင်း (ဝါ) လက်ခံအတည်ပြုခဲ့ကြပြီး ဖြစ်သည်။ မြန်မာနိုင်ငံသည် ထိုစာချုပ်နှစ်ခုစလုံးတွင် ပါဝင်ခြင်း မရှိသေးပေ။ ၂၀၁၀ ခုနှစ်တွင် မြန်မာစစ်တပ်သည် ကမ္ဘာပေါ်တွင် လူသတ်မိုင်းအသုံးပြုသော နိုင်ငံတနိုင်ငံအဖြစ်သာ ကျန်ရစ်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာမြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး အစီရင်ခံစာသည် ၂၀၁၀ခုနှစ်မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာနှင့်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာပါ နိုင်ငံအလိုက်အစီရင်ခံစာ အပိုင်းတခု ဖြစ်သည်။မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အဖွဲ့သည် စာချုပ်ပါအချက်များ မှန်ကန်ခြင်းရှိမရှိ နည်းပညာပိုင်းအရ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်းရေးအဖွဲ့လည်း မဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများ၏ လူသတ်မိုင်းဆန့်ကျင်တိုက်ဖျက်ရေး တာဝန်ရှိအပေါ် အစိုးရများက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်ကိုလက်မှတ်ရေးထိုးထားသောတိုင်းပြည်များ၏ လိုအပ်ချက်များကိုတင်ပြပေးရန်၊မြေမြုပ်မိုင်းပြဿနာကို သိသာမြင်သာရှိလာစေရန်နှင့် လက်မှတ်ရေးထိုးခြင်း မရှိသော တိုင်းပြည်များရှိ အစိုးရများ၏ မူဝါဒနှင့်လုပ်ဟန်များ သိသာမြင်သာလာစေရန် အတွက်သာ ရည်ရွယ် လုပ်ဆောင်သည်။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြုပ်မိုင်းကင်းစင်သော ကမ္ဘာကြီးတခုဖြစ်လာစေရေး ရည်မှန်းချက် အထမြောက်အောင်မြင်စေရန် အတွက် လူ့အဖွဲ့အစည်းအတွင်း မြှင့်တင်ပေးရန်၊ ဆွေးနွေးမှုများ ရှိလာစေရန် ရည်ရွယ်သည်။ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးသည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်းစေလိုသည့်အားလျော်စွာ ၎င်းစောင့်ကြည့်လေ့လာနေသော ကိစ္စရပ်နှင့် ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များ ဖေါ်ပြခြင်းကိုသာ ဦးတည်လုပ်ဆောင်ပါသည်။၎င်း၏မှတ်တမ်းများနှင့် သုံးသပ်ချက်များသည် အရေးပါသကဲ့သို့အပြုသဘော ဆောင်သော တင်ပြချက် များသာဖြစ်သည်။

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး ဆောင်ရွက်သူ သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ–ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်ပါသည်။ နှစ်စဉ် အလိုက် ယခုအစီရင်ခံစာအတွက် သတင်းအချက် အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းများအားလုံးနှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူး တင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေး အတွက် ပံ့ပိုးကူညီပေးမှုများကို အထူးအသိအမှတ်ပြုပါသည်။

မျက်နှာဖုံးပုံ။ အသက် ၁၅ နှစ်အရွယ်တွင် အတင်းအဓမ္မမိုင်းရှင်းခိုင်းသဖြင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသော ကရင်ပြည်နယ်မှ လူငယ်တဦး။ ဓါတ်ပုံ – John Hume Photography

## မြန်မာနိုင်ငံ[၁]

| | |
|---|---|
| မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်တွင် ပါဝင်မှုအဆင့် သတ်မှတ်ချက် | စာချုပ်အဖွဲ့ဝင် နိုင်ငံမဟုတ်။ |
| ထပ်ဆင့်ပေါက်ကွဲလက်နက်များ အသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်တွင် ပါဝင်မှုအဆင့်သတ်မှတ်ချက် | စာချုပ်အဖွဲ့ဝင် နိုင်ငံမဟုတ်။ |
| ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြေမြုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်နှင့် ပတ်သက်သော မဲပေးမှတ်တမ်း | ယခင်နှစ်များကဲ့သို့ပင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက် ၆၄/၅၆ တွင် ကြားနေမဲအဖြစ် ရပ်တည်ခဲ့သည်။ |
| မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် အစည်းအဝေးများတွင် ပါဝင်မှု | ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ပြန်လည်သုံးသပ်ခြင်း ညီလာခံသို့ တက်ရောက်ခဲ့ခြင်း မရှိ။ ၂၀၁၀ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော လုပ်ငန်းကော်မတီများဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့ခြင်းမရှိ။ |
| ထပ်ဆင့်ပေါက်ကွဲလက်နက်များ အသုံးပြုမှု ပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် အစည်းအဝေးများတွင် ပါဝင်မှု | ၂၀၀၈ ခုနှစ် အောက်တိုဘာလ လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကျင်းခေါင်တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးနှင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာလ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီတွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို တက်ရောက်ခဲ့သည်။ |
| ၂၀၀၉ ခုနှစ်အတွင်း သေကြေဆုံးရှုံးမှုများ | ၂၆၂ ဦး (၂၀၀၈ ခုနှစ်တွင် ၇၂၁ ဦး) |

[၁] လက်ရှိ တိုင်းပြည်ကို အုပ်ချုပ်လျက်ရှိသော စစ်အစိုးရသည် တိုင်းပြည်၏ အမည်အား Burma မှ Myanmar သို့ ပြောင်းလဲ ခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအုပ်စု အများစုနှင့် ပြည်နယ် အမြောက်အများသည် တိုင်းပြည်၏ အမည်အား Burma အနေဖြင့်သာ ဆက်လက် ခေါ်ဝေါ်သုံးစွဲရန် နှစ်သက်ကြသည်။ ပြည်တွင်းရှိ ပြည်နယ်နှင့်တိုင်းများ၏ အမည်များအား ယေဘုယျ သုံးစွဲနေသည့် ပုံစံမျိုးကိုသာ ဆက်လက်သုံးစွဲကြသည်။ နအဖ က အသုံးပြုသကဲ့သို့ ကွင်းစ ကွင်းပိတ် ဖြင့် ဖေါ်ပြသုံးစွဲခြင်းမျိုးလည်း ရှိသည်။ ဥပမာ အားဖြင့် ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းအချက်အလက် အဖွဲ့ (MIMU) ၏ သတ်မှတ်ချက်နှင့်အညီ မြို့နယ်အမည်များကို အသုံးပြုလာသည်။ www.themimu.info ကိုကြည့်ပါ။

| | |
|---|---|
| သေကြေဆုံးရှုံးမှုရလဒ် | ၈ ဦး (သေ)၊ ၂၀၅ ဦး (ဒဏ်ရာရ)၊ ၄၉ ဦး (မသိရ) (၂၀၀၈ ခုနှစ် – ၈၉ဦး (သေ) ၆၃၂ ဦး (မသိရ) |
| သေကြေဆုံးရှုံးမှုဖြစ်ရသည့် လက်နက်အမျိုးအစားများ | ၁၈၇ ဦး (လူသတ်မိုင်း)၊ ၇၅ ဦး (အမျိုးအစားမသိ မိုင်းများ) |
| အဓိကဖြစ်ထွန်းတိုးတက်မှုများ | လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ လူသတ်မိုင်းအသုံးပြုမှု ပိုမိုများလာသည့်ဟန်ရှိကာ၊ စစ်တပ်၏မိုင်းအသုံးပြုမှု လျော့နည်းလာသည်။ |

**မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးရေးမူဝါဒ**

မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို သဘောတူလက်ခံထားသော နိုင်ငံ တနိုင်ငံမဟုတ်ပေ။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံက ဆုံးဖြတ်ချက် ၆၄/၅၆ အား ချမှတ်ရာတွင် ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သော နိုင်ငံ(၁၈)နိုင်ငံတွင် မြန်မာနိုင်ငံလည်း တခုအပါအဝင် ဖြစ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်က မြေမြုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်ကို ကမ္ဘာလုံးဆိုင်ရာ သဘောတူစာချုပ်တခု ဖြစ်လာစေရေး တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တခု ဖြစ်သည်။ ၁၉၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် အလားတူဆုံးဖြတ်ချက်များတွင် ကြားနေနိုင်ငံအဖြစ်သာ အစဉ်တစိုက် ရပ်တည်လာခဲ့သည်။

ကိုလံဘီယာနိုင်ငံ၊ ကာတဂီနာမြို့တွင်၂၀၀၉ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ကျင်းပခဲ့သော မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် ဒုတိယအကြိမ် ပြန်လည်သုံးသပ်ခြင်း ညီလာခံသို့ လေ့လာသူအဖြစ် မြန်မာနိုင်ငံ တက်ရောက်ခဲ့ခြင်း မရှိပေ။ ၂၀၀၃ ခုနှစ်မှစ၍ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည် အစည်းအဝေး (သို့မဟုတ်) လုပ်ငန်းကော်မတီများဆိုင်ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်ခဲ့ခြင်း မရှိပေ။ သို့သော် ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့သော အရှေ့တောင်အာရှ မြေမြုပ်မိုင်းပပျောက်ရေး ဘန်ကောက် အလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ တက်ရောက်ခဲ့သည်။[၂]

2 “လူသတ်မိုင်းများကို အရမ်းကာရောအသုံးပြုခြင်းကြောင့် စစ်ပွဲဖြစ်ရာဒေသများတွင် အပြစ်မဲ့အရပ်သားပြည်သူများ အသက်ဆုံးရှုံးရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်စေသည်ဟု မြန်မာနိုင်ငံက ယုံကြည်ပါသည်။ လူသတ်မိုင်းများ လွှဲပြောင်းပေးခြင်း၊ နိုင်ငံရပ်ခြားမှ ဝယ်ယူခြင်းတို့ကြောင့် ထုတ်လုပ်မှုကို ဆက်လက်ဖြစ်ပေါ်စေကာ နောက်ဆက်တွဲအကျိုးဆက်အဖြစ် မဆင်မခြင်အသုံးပြုမှုများ ပို၍ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ယင်းကိစ္စရပ်ကို ဖြေရှင်းရန်အတွက် အဆင့်တခုချင်းတခု ချဉ်းကပ်သည့်နည်းလမ်းကို အသုံးပြုခြင်းသည်သာ အသင့်လျော်ဆုံးနည်းလမ်း ဖြစ်သည်ဟု မြန်မာနိုင်ငံက ဆက်လက်ယုံကြည်သည်။ လူသတ်မိုင်းများ လက်လွှဲပေးခြင်း နှင့် နိုင်ငံခြားမှ တင်သွင်းခြင်းကိစ္စရပ်အား လူသတ်မိုင်း အသုံးပြုမှုကို လုံးဝတားဆီးပိတ်ပင်ခြင်းလုပ်ငန်းနှင့် တပူးတည်းလုပ်ဆောင်သင့်သည်ဟု မိမိတို့ယုံကြည်သည်။ လက်လှမ်းမမှီသောဒေသများနှင့် ပဋိပက္ခဖြစ်ပေါ်လာနိုင်သည့်ဒေသများတွင် မိုင်းထိန်းချုပ်ရေးလုပ်ငန်းစဉ်ကို ချမှတ်ရန်အတွက် ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့အတွက် မရှိမဖြစ် အလိုအပ်ဆုံးသော အစိတ်အပိုင်းတခုဖြစ်သည်။” ဟု မြန်မာနိုင်ငံက ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေး

၂၀၁၀ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအထူး ကိုယ်စားလှယ်က မြန်မာနိုင်ငံအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းသဘောတူ စာချုပ်ကို သဘောတူ လက်ခံရန်နှင့် မြေမြှုပ်မိုင်းရှင်းလင်းမှုများကို စတင်အားထုတ်လုပ်ဆောင်ရန်၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာခဲ့သူများကို အထောက်အပံ့များပေးရန် နိုင်ငံတကာအကူအညီများ ရယူလက်ခံသင့်သည်ဟု မြန်မာအာဏာပိုင်များကို အလေးပေးပြောကြားခဲ့သည်။ လူသတ်မိုင်းများအသုံးပြုခြင်းသည် မြန်မာနိုင်ငံသားများအတွက် အလွန် အန္တရာယ်များသော ခြိမ်းခြောက်မှုတခုအဖြစ် တည်ရှိနေသောကြောင့် အစိုးရတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် အင်အားစုများအားလုံးသည် လူသတ်မိုင်းအသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ပစ်ကြရန် ကုလသမဂ္ဂအထူးကိုယ်စားလှယ်က အတိအလင်း ပြောကြားခဲ့သည်။ [၃]

၂၀၁၀ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ၏ အဓိကအတိုက်အခံပါတီတခုဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းပြည်အတွင်း မြေမြှုပ်မိုင်းအသုံးပြုခြင်းကို ပိတ်ပင်တားမြစ်ရန် တောင်းဆိုချက်ပါဝင်သော စာမျက်နှာ နှစ်မျက်နှာ ရှိသည့် ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။[၄] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တောင်းဆိုချက်ကို ပြည်သူ့လွှတ်တော် လူထုကိုယ်စားပြုကော်မတီက ထောက်ခံခဲ့သည်။ ၎င်းကော်မတီသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော စစ်အစိုးရက အစိုးရဖွဲ့ခွင့်မပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။[၅]

၂၀၀၃ ခုနှစ် ICBL က ဦးစီးဆောင်ရွက်သော မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု ရပ်တန့်ရေး လှုပ်ရှားမှုက *မြေမြှုပ်မိုင်း အသုံးပြုမှု စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ (၂၀၀၉)* တွင် ပါဝင်သော မြန်မာနိုင်ငံဆိုင်ရာအခန်းကို မြန်မာ ဘာသာသို့ ပြန်ဆိုကာ မိတ္တူ ၁၄၀၀ ဖြန့်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် မြေမြှုပ်မိုင်းဖြန့်ကျက်တည်ရှိမှုကို ပြသထားသော မြို့နယ်များအလိုက် မြေပုံများပါ တပူးတွဲ ပြသထားသည်။

မြန်မာနိုင်ငံသည် သမာရိုးကျလက်နက်များ အသုံးပြုခြင်းဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံမဟုတ်ပေ။

## နိုင်ငံတော်က အသုံးပြုမှု၊ ထုတ်လုပ်မှု၊ သိုလှောင်ထားမှု နှင့် လွှဲပြောင်းမှု

မြန်မာ့တပ်မတော်သည် ပြည်တွင်းစစ်ကာလတလျှောက်လုံး လူသတ်မိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနေဆဲ ဖြစ်သည်။ ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် လက်နက်ကိုင်ပဋိပက္ခ လျော့နည်းလာခြင်း၊ ယခင်က မြေမြှုပ်မိုင်းထောင်လေ့ရှိသော ရှေ့တန်းအခြေစိုက်စခန်းအတော်များများမှ စစ်တပ်

ဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန ညွှန်ကြားရေးမှူး ကျော်ဆွေတင့်၏ ၂၀၀၉ခုနှစ် ဧပြီလတွင် ကျင်းပသော အရှေ့တောင်အာရှ မိုင်းကင်းစင်ရေး ဘန်ကောက်အလုပ်ရုံဆွေးနွေးပွဲအတွင်း ထုတ်ပြန်ကြေငြာချက်

3 ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ “မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ။” A/HRC/13/48, 10 March 2010, para. 69, 74, www.ohchr.org.

4 အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကြေငြာချက် ၉–၀၄–၁၀။ ၂၀၁၀ ခုနှစ် ဧပြီလ

5 ခင်နှင်းထက် “ဒေါ်အောင်ဆန်းစုကြည်၏ပါတီက မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ပေးရန် တောင်းဆိုလိုက်ခြင်း၊” ဒီမိုကရက်တစ် မြန်မာ့အသံ၊ ၆ မေ ၂၀၁၀၊ www.dvb.no

များ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းကြောင့် ၂၀၀၉ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်များအတွင်း မြန်မာစစ်တပ်၏ မိုင်းအသုံးပြုမှု သိသိသာသာ ကျဆင်းလာခဲ့ပုံရှိသည်။ စစ်တပ်၏ မိုင်းအသုံးပြုမှုနှင့် ပတ်သက်သော အသေးစိတ်အစီရင်ခံစာတခု အရ ၂၀၀၉ ခုနှစ် ဇွန်လတွင် ခမရ (၃၇၂) နှင့် (၃၇၃) သည် ကရင်ပြည်နယ်မြောက်ဖက်၊ တောင်ငူခရိုင်အတွင်းရှိ စောဝါဒါဒေသအတွင်း လူသတ်မိုင်းများ ထောင်ထားခဲ့သဖြင့် အသက် (၂၀) အရွယ် ရွာသားတဦး သေဆုံးခဲ့ရသည် ဟု ဖေါ်ပြထားသည်။[၆]

ပဲခူးတိုင်းအနောက်ဖက်ခြမ်း ညောင်ခြေထောက်ရှိ နိုင်ငံတော်ပိုင်စက်ရုံများဖြစ်ကြသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးစက်ရုံများ (ကပစ) က မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍မရသော အစိတ်အပိုင်းများ အပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[၇] မြန်မာနိုင်ငံအာဏာပိုင်များက ၎င်းတို့သိုလှောင်သိမ်းဆည်းထား သော လူသတ်မိုင်းအရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း မရှိ ပေ။ ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင် စု၊ အမေရိကန်ပြည်ထောင်စုနှင့် တခြားအမည်မသိ စက်လက်နက်ပစ္စည်း ထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူအသုံးပြုမှုရှိသည်ဟု မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံ တင်ပြခဲ့ ဖူးသည်။[၈] မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ခံ ထားရခြင်း မရှိပေ။[၉]

## အစိုးရမဟုတ်သော အခြားလက်နက်ကိုင်အင်အားစုများ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာ တည်ရှိသည်။ ၎င်းတို့အနက်မှ အနည်းဆုံး အစိုးရ မဟုတ်သော လက်နက်ကိုင်အင်အားစု (၁၇) ဖွဲ့သည် ၁၉၉၉ ခုနှစ်မှစ၍ လူသတ်မိုင်းများ အသုံးပြုလာခဲ့ကြ သည်။ သို့သော် ထိုအဖွဲ့များအနက် တချို့သောအဖွဲ့များသည် ဆက်လက်ရပ်တည် တည်ရှိခြင်း (ဝါ) မိုင်းအသုံး ပြုခြင်း မရှိကြတော့ပေ။ တချို့သော လက်နက်ကိုင်အဖွဲ့များသည် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်သည့် Geneva Call အဖွဲ့က ကြီးမှူးဆောင်ရွက်သော ကတိကဝတ်ပြုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကာ လူသတ်မိုင်းအသုံးပြုမှုကို တဖက်သတ် စွန့်လွှတ်ခဲ့ကြပြီး ဖြစ်သည်။[၁၀] ပအိုဝ်လွတ်မြောက်

---

6 FBR၊ "ကရင်ပြည်နယ်မြောက်ဖက်အတွင်း မြန်မာစစ်တပ်၏ စစ်ဆင်ရေးကြောင့် ရွာသား ၃ ဦးသေဆုံးပြီး ပြည်သူပေါင်း ၅၀၀ နေရပ်ရင်းမှ စွန့်ခွာထွက်ပြေးခဲ့ရသည်" ၉ ဇူလိုင် ၂၀၀၉

7 မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type-59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MMA မိုင်း နှင့် တရုတ်လုပ် Type-58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလတ်စတစ်မိုင်းကို တုပ၍လည်း မိုင်းထုတ်လုပ်သည်။

8 *Landmine Monitor Report 2004* ကြည့်ပါ၊ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Types-58, -59, -69, -72A ၊ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6; US M14, M16A1, M18 နှင့် အိန္ဒိယနှင့်ဗြိတိန်လုပ် LTM-73, LTM-76.

9 ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းပြည်ပရောင်းချတင်ပို့ခြင်းတားမြစ်ခြင်းကို ထောက်ခံကြောင်း၊ သို့သော် တရားဝင် ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြားထုတ်ဖေါ်ခြင်း မရှိပေ။ *Landmine Monitor Report 2000*, p. 469.ကြည့်ပါ။

10 ၂၀၀၇ ခုနှစ် ဧပြီလတွင် လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)၊ ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် PPLO/Pa'O နှင့် ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PPLA) တို့က မိုင်းအသုံးပြုမှု စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ် ဇွန်လ အစီရင်ခံစာတွင် LDF နှင့် PPLA တို့သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် အသီးသီး အဖွဲ့အစည်းအတွင်း အုပ်စုကွဲများဖြစ်ခဲ့ကြသည်ကို Geneva Call က

ရေးအဖွဲ့ (PPLO) သည် ၂၀၀၇ ခုနှစ် ဧပြီလတွင် လက်မှတ်ရေးထိုးခဲ့သော ကတိကဝတ်ပြု စာချုန်လွှာတွင် လက်မှတ်ရေးထိုးခဲ့သည်ကို ပြန်လည်ပယ်ဖျက်ကြောင်း မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အစုလိုက်အပြုံလိုက်အဖွဲ့သို့ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ဗိုလ်မှူးကြီး ခွန်ဥက္ကာက အကြောင်းကြားခဲ့သည်။ PPLO သည် တခြားပအိုဝ်အဖွဲ့အစည်းများနှင့် စုစည်းကာ ပအိုဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) ကို တည်ထောင်ခဲ့အပြီးတွင် ထိုကဲ့သို့ ထွက်ပေါ်လာခြင်း ဖြစ်သည်။ PNLO သည် လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်နေသောကြောင့် ကတိကဝတ်ပြုစာချုန်လွှာကို သဘောတူ လက်မှတ်ရေး ထိုးရန် အခက်အခဲရှိနိုင်ကြောင်းနှင့် PPLO သည် နိုင်ငံရေးအဖွဲ့အစည်း တခုဖြစ်သောကြောင့် ပို၍လွယ်ကူစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သူက ပြောဆိုခဲ့သည်။ PNLO သည် ၎င်း၏ ရှေ့တန်းတပ်စခန်းများဝန်းကျင်တွင် မြေမြှုပ်မိုင်းများ ထောင်သည်ဟုလည်း သူက အသိအမှတ်ပြု ပြောကြားခဲ့သည်။ [၁၁]

Geneva Call အဖွဲ့သည် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ နှင့် ဇူလိုင်လများတွင် မြန်မာနိုင်ငံဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB) မှတဆင့် ပညာပေးဆိုင်ရာအစည်းအဝေးများ စီစဉ်ကျင်းပပေးခဲ့သည်။ ဆွေးနွေးသည့် အကြောင်းအရာများမှာ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ မိုင်းတားဆီးပိတ်ပင်ရေးနှင့် လူသားချင်း ဆိုင်ရာ မြေမြှုပ်မိုင်းလှုပ်ရှားမှုစသည့် အကြောင်းများ ဖြစ်ခဲ့သည်။ ဆွေးနွေးပွဲသို့ တက်ရောက်သူများမှာ DAB အဖွဲ့ဝင် အဖွဲ့အစည်းများမှ ဖြစ်ကြသည်။ ထို့အပြင် Geneva Call ၏ အကူအညီဖြင့် ဒီအေဘီသည် မြေမြှုပ်မိုင်း ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဘာသာ ၅ မျိုးဖြင့် ထုတ်ဝေခဲ့သည်။[၁၂] Geneva Call သည် အလားတူ ခေါင်းစဉ်များဖြင့်ပင် ပညာပေးဆွေးနွေးပွဲနှစ်ခုအား မွန်ပြည်သစ်ပါတီ၏ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်သူ များဖြင့် ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် တစ်ကြိမ်၊ ၂၀၁၀ ဧပြီလတွင် တစ်ကြိမ် ပြုလုပ်ခဲ့သည်။[၁၃] ၂၀၁၀ ခုနှစ် မတ်လ တွင် Geneva Call အဖွဲ့သည် ကရင့်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင့်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) မှ ခရိုင်နှင့် တပ်ရင်းအသီးသီးမှ တာဝန်ရှိသူများဖြင့် မိုင်းအသုံးပြုမှုတားမြစ် ပိတ်ပင်ရေး လှုပ်ရှားမှု နှင့် သက်ဆိုင်သော လုပ်ငန်းများနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲတခု ပြုလုပ်ခဲ့သည်။[၁၄]

## အစိုးရမဟုတ်သော တခြားလက်နက်ကိုင်အင်အားစုများ၏ မြေမြှုပ်မိုင်းအသုံးပြုမှု

မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူထားသော ကချင်လွတ်လပ်ရေးအဖွဲ့နှင့် တပ်မတော် (KIO/KIA) သည် ၁၉၉၁ ခုနှစ်စ၍ ပထမဦးဆုံးအကြိမ်အဖြစ် လူသတ်မြေမြှုပ်မိုင်း တကျော့ပြန်ထောင်နေသည်ဟု

---

သတိပြုခဲ့သည်။ Geneva Call, "Non-State Actor Mine Action and Compliance to the Deed of Commitment Banning Anti-Personnel Landmines, January 2008 – June 2010," June 2010, p. 6. ချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသားတပ်မတော်က ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ လက်ရှိကာလတွင် စစ်ရေး လက်တံအဖွဲ့အစည်းများ မရှိကြပြီဖြစ်သော အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရကန်အမျိုးသားညီညွတ်ရေးပါတီတို့က ၂၀၀၃ ခုနှစ် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ Geneva Call, "NSA Signatories," www.genevacall.org ကြည့်ပါ။

11 ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့်တွေ့ဆုံမေးမြန်းခြင်း၊ PNLO၊ ၁၉ မတ်လ ၂၀၁၀

12 Geneva Call၊ စာစောင် အမှတ် ၇ အတွဲ ၁၊ မေ ၂၀၀၉၊ p. 2; Geneva Call၊ "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၀၉၊"ပြင်ဆင်ဖြည့်စွက်ပြီး၊ p. 12 နှင့် Geneva Call အာရှပစိဖိတ်ဒါရိုက်တာ ကသရင်းကရာမာ(Katherine Kramer) ထံမှ အီးမေး၊ ၂၃ ဇူလိုင် ၂၀၁၀။

13 ကသရင်းကရာမာ(Katherine Kramer) ထံမှ အီးမေး၊ ၂၃ ဇူလိုင် ၂၀၁၀။

14 Ibid

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲလက်နက်များ စောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များက ပြောဆိုခဲ့သည်။ မိုင်းအသစ်ထောင်ထားသည့်ဒေသများကို အမှတ်အသားများ အနိမ့်ဆုံးအဆင့် ဆောင်ရွက်ထားသော်လည်း အရပ်သားနှင့် တိရိစ္ဆာန်သေကြေဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည် ဟု သတင်းအရင်းအမြစ်များက ထောက်ပြထားသည်။[၁၅]

မြေမြုပ်မိုင်းများ အသစ်တဖန်ထောင်ခြင်းသည် လက်နက်ကိုင်ပဋိပက္ခ တကျော့ပြန်ပေါ်ပေါက်နိုင်သည် ဟူသော မျှော်မှန်းချက်ကြောင့် ဖြစ်နိုင်သည်။ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုထားပြီး အထူးစစ်ဒေသ ဇုံများတွင် လှုပ်ရှားနေကြသော လက်နက်ကိုင်အဖွဲ့များကို မြန်မာစစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိမည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းလဲရမည်ဟု စစ်အစိုးရက ၂၀၀၉ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန် ကြေငြာခဲ့ခြင်း၏ အကျိုးဆက်တခုလည်း ဖြစ်သည်။[၁၆] အထူးစစ်ဒေသဇုံများအတွင်းရှိ တခြားသော လက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း ၎င်းတို့၏ တပ်ဖွဲ့များကို စစ်တပ်ထိန်းချုပ်မှုအောက်သို့ ဝင်ရောက်ရန် ဖိအားပေးခံရပါက ခုခံကာကွယ်ရေး မိုင်းကွင်းအသစ်များ ပိုရှိလာနိုင်သည်။ ထိုအဖွဲ့များအနက် တချို့အဖွဲ့များတွင် မိုင်းများ လက်ဝယ်ရှိနေကြသည်ဟု သိရှိရသည်။

ကရင်လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ဖြစ်သော KNLA နှင့် ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) အကြား ပဋိပက္ခသည် အထူးသဖြင့် မိုင်းစစ်ဆင်ရေးသည် ၂၀၀၉ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ပိုမိုတိုးများလာခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာစစ်တပ်နှင့် KNLA အကြား တိုက်ခိုက်မှုများ လျော့ကျလာခဲ့သဖြင့် မြန်မာစစ်တပ်သည် ကရင်ပြည်နယ်အတွင်းရှိ ရှေ့တန်းအခြေပြုစခန်း အနည်းဆုံး ၄၀ ခန့်ကို စွန့်ခွာခဲ့သည် ဟု ဆိုသည်။ ကျန်ရှိနေသောစခန်းအများစုတွင် မိုင်းများထောင်ထားဆဲ ဖြစ်သည်။[၁၇]

မြန်မာပြည်လွတ်မြောက်ရေး ရိန်းဂျားများအဖွဲ့ (Free Burma Rangers) ၏ အဆိုအရ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် သံတောင်မြို့နယ်အတွင်း ကော်သေဒါစခန်း (တောင်ငူ–မော်ချီးလမ်းဆုံ နှင့် တောင်ငူ–ဘူဆကီလမ်း အနီး) နှင့် သအဲထအရှေ့ဖက် စခန်းအကြား လမ်းမတွင် KNLA က မိုင်းထောင်ခဲ့သည်ဟု ဆိုသည်။ ထိုလမ်းမပေါ်တွင် ရွာသားများ ဖြတ်သန်းသွားလာခြင်းမလုပ်ရန် KNLA က ထပ်ခါတလည်း သတိပေးခဲ့သည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် မိုင်းခင်းထားသောလမ်းမကို ရှောင်သည့်အနေဖြင့် စစ်တပ်သည် လမ်းသွယ်များကိုသာ အသုံးပြုခိုင်းခဲ့သည်။[၁၈]

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏အဆိုအရ ၂၀၀၉ ခုနှစ် ဇွန်လမတိုင်ခင်တွင် လှိုင်းဘွဲ့မြို့နယ်တွင် KNLA သည် ၎င်းတို့၏ စခန်း ၃ ခု တဝိုက်နှင့် နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည် နေထိုင်သူများအတွက် တည်ဆောက်

---

15 မိုင်းထောင်သည့်ဒေသသို့ သွားရောက်လည်ပတ်ခဲ့သော အမည်မဖော်လိုသူ သတင်းအရင်းအမြစ်က မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ သတင်းပေးပို့ခဲ့သည်။

16 အနည်းဆုံး လက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့သည် အပစ်အခတ်ရပ်စဲရေးသဘောစာချုပ်နှင့် အထူးစစ်ဒေသဇုံများ တည်ရှိကြသည်။ ၂၀၁၀ရွေးကောက်ပွဲ မတိုင်ခင် ထိုအဖွဲ့များကို နယ်ခြားစောင့်တပ်များ အဖြစ် အသွင်းကူပြောင်းရန် အစီအစဉ်ဖြစ်သည်။

17 အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ၁၅ ဖေဖော်ဝါရီ ၂၀၁

18 Ibid

ထားသော လယ်ပါဟာစခန်းအနီးတဝိုက်တွင်လည်း မြေမြှုပ်မိုင်းများ ထောင်ခဲ့သည်ဟု သိရသည်။ ၂၀၀၉ ခုနှစ် ဇွန်လအလယ်တွင် KNLA က ထိုစခန်းများမှ ဆုတ်ခွာသောအခါတွင် ယင်းမိုင်းများကို ဖယ်ရှားခဲ့ခြင်း မရှိခဲ့ပေ။[၁၉]

ထိုအချိန်မှစ၍ KNLA သည် DKBA တပ်ဖွဲ့များကို သုတ်သင်ရေး နှင့် ထိခိုက်ဒဏ်ရာရစေရေး အတွက် မြေမြှုပ်မိုင်းများ ဆက်တိုက်ထောင်လာခဲ့သည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် အစောပိုင်းအတွင်း KNLA၏ ကရင်သတင်းဌာနက ထုတ်ပြန်သော သတင်းပေးပို့ချက်များတွင် မိုင်းကြောင့် ထိခိုက်သေဆုံးရသူ ၃၀၀ အနက် အများစုသည် DKBA တပ်ဖွဲ့ဝင်များဖြစ်ကာ KNLA မှ ထောင်ထားသော မိုင်းများကြောင့် ဖြစ်သည်ဟု ကိုကား ဖေါ်ပြခဲ့သည်။[၂၀]

၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေသော သတင်းဆောင်းပါးတခုတွင် KNLA ဗိုလ်မှူးချုပ် ဆာဂေးက KNLA တပ်ဖွဲ့ဝင်များသည် DKBA ကို တိုက်ခိုက်ရာတွင် ရှေ့ထွက်မိုင်း အမျိုးအစားများ နှင့် ဆင့်ထွက် ပေါက်ကွဲမိုင်းများ အသုံးပြုသည်ဟု အသိအမှတ်ပြု လက်ခံခဲ့သည်။ ပစ်ခတ်မှုဖြစ်ချိန်တွင် တပ်ဆင်ထားသော မိုင်းလက်နက်များအားလုံး အသုံးပြုဖေါက်ခွဲခဲ့သဖြင့် အရပ်သားထိခိုက်မှုမရှိဟု သူက အခိုင်အမာ ရပ်တည် ပြောကြားခဲ့သည်။ "မိုင်းတွေကို အဝေးထိန်းကိရိယာ၊ ဒါမှမဟုတ် လျှပ်စစ်ခလုတ်နဲ့ ခွဲပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အတိအကျလိုက်နာရမယ့် အသေးစိတ်နည်းပညာတွေကိုလည်း ချမှတ် ပေးထားပါတယ်။ နေရာတိုင်းမှာ တပ်ဆင် အသုံးပြုနိုင်ပါတယ်။ ဖေါက်ခွဲရေး တပ်စိတ်ငယ်တွေက တရကြမ်းပစ်ခတ်မှုတွေကနေ အလွယ်တကူ ဆုတ်ခွာနိုင်သလိုလက်တဆုပ်စာ ရဲဘော်တစုက ရန်သူ့စစ်ကြောင်း တကြောင်းလုံးကို လက်နက်ခဲယမ်း များများစားစား သုံးစရာမလိုပဲ ထိရောက်တဲ့ ချုံခိုတိုက်ပွဲ ဆောင်ရွက်နိုင်တာကြောင့် အကောင်းဆုံးသော ခုခံစစ် လက်နက်တွေပါပဲ။" "ကျနော်တို့တပ်မဟာတွေက အထူးသဖြင့် ရှေ့ထွက်မိုင်းနဲ့ ရန်သူဖြားယောင်း တိုက်ခိုက်တဲ့ နည်းလမ်းတွေအစရှိတဲ့ အထူးစစ်ဆင်ရေး နည်းဗျူဟာတွေကို အသုံးပြုတဲ့အတွက် အောင်မြင်မှုတွေ ရရှိနေပါတယ်။ ဒါကြောင့်လည်း ဒီတပ်မဟာတွေမှာ နအဖ စစ်သားတွေရဲ့ ထိခိုက်ကျဆုံးမှု အရေအတွက် မြင့်မားနေတာပါ။"ဟု သူက ဆက်လက် ပြောဆိုခဲ့သည်။[၂၁]

၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့၌ ဒီကေဘီအေ တပ်ခွဲမှူးကျော်ဘိုးသည် ထီဝါဘလော၊ ထီးလောသေး၊ ပေါဘောကို နှင့် ပနောကလီကြီးကျေးရွာများမှ ရွာသားများကို ဆင့်ခေါ်ကာ ဒီကေဘီအေ အထက်အရာရှိများက သူ့အား ထိုဒေသတဝိုက်တွင် မြေမြှုပ်မိုင်းများပို၍ ထောင်ရန် အမိန့်ပေးထားသည်ဟု ပြောဆိုခဲ့ကြောင်း KHRG က တင်ပြခဲ့သည်။ ရွာသားများသည် ကျေးရွာမှ ထွက်ခွာသွားလိုပါက ၎င်းထံမှ ခွင့်ပြုချက်ရယူရမည် ဖြစ်ကြောင်းနှင့် ဒီကေဘီအေသည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ မိုင်းအသစ်များ စတင်ထောင်မည်ဟု ရွာသားများကို ပြောဆိုခဲ့သည်။[၂၂]

---

19 KHRG "စနစ်တကျ လည်ပတ်နေသော ဆန္ဒမပါနေရပ်ရင်း ပြန်ပို့နေခြင်းလုပ်ငန်း"၊ ဖိအားပေးခံနေရသော ဒုက္ခသည်များ တဆောင်ယန်းခရိုင်အတွင်းရှိ စခန်းများအား စွန့်ခွာ။ ၁ မေ ၂၀၁၀၊ pp. 8–9, www.khrg.org.

20 မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့က ကရင်သတင်းဌာနက ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၀ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ တင်ဆက်သော သတင်းများကို ပြန်လည်သုံးသပ်သည်။ www.kicnews.org.

21 ဒွန်တလီညွှမ်၊ " ကေအဲန်ယူက စစ်ဗျူဟာအသစ်ချမှတ်လိုက်ခြင်း။" မဇ္ဈိမ(ဘန်ကောက်)၊ ၁၂ အောက်တိုဘာ ၂၀၀၉၊ www.mizzima.com

22 KHRG မှ ပေးပို့လာသော သတင်း၊ ၆ မေ ၂၀၁၀၊ ထုတ်ဝေပြီးနှင့် မထုတ်ဝေရသေးသောအချက်အလက်များမှ KHRG က စုစည်းပေးထားသည်။

၂၀၀၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ဘားအံ့မြို့နယ် အနောက်ဖက်တွင် ဗိုလ်နဲနဲလက်အောက်ရှိ ဒီကေဘီကေ တပ်ဖွဲ့တဖွဲ့သည် ပနုပ်ပူအနီး လူသွားလမ်းတွင် မိုင်းထောင်ခဲ့သည်။ ၂၀၀၉ ခုနှစ် မေလ မှ ဇွန်လ အထိ နှင့် ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင်တကြိမ်ပြန်၍ ဒီကေဘီအေတပ်ဖွဲ့များသည် ဘားအံ့မြို့နယ် တောင်ဖက် ကျေးလက်ဒေသတဝိုက် မိုင်းများထောင်ခဲ့သဖြင့် နွားကျောင်း၍ပြန်လာသူ အသက် ၅၀ အရွယ် ရွာသားတဦး အသက်ဆုံးရှုံးခဲ့ရသည်။[၂၃] ၂၀၀၉ ခုနှစ် ဧပြီလတွင် KHRG က တွေ့ဆုံမေးမြန်းခဲ့သည့် ဒီကေဘီအေ စစ်သားဟောင်းတဦးက သူ၏တပ်ဖွဲ့သည် ထီးဘာကျေးရွာအနီး မိုင်းများထောင်ခဲ့ဖြင့် နောက်ပိုင်းတွင် ရွာသား နှစ်ဦး သေဆုံးခဲ့ကာ တဦးဒဏ်ရာရခဲ့သည်ဟု ဆိုခဲ့သည်။[၂၄]

၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ဘားအံ့မြို့နယ် အနောက်ဖက်ခြမ်းတွင် သန်းထွန်းဦးဆောင်သော ဒီကေဘီကေ တပ်ဖွဲ့များသည် ဘပျို့၊ မဲသာ၊ တဘာပေါ် နှင့် ဂီကမယ်ကျေးရွာများတဝိုက်တွင် မိုင်းများထောင်ခဲ့သည်။ မောင်ဘာချာ ဦးစီးသော ဒီအေဘီကေတပ်ဖွဲ့များက ပျဂေါ်၊ ဂကိုစီ၊ မောကလေ နှင့် ကျော်ဂကေ ကျေးရွာများ တဝိုက်တွင် မိုင်းထောင်ခဲ့သည်။ ထို့အပြင် မောင်ညိုဦးဆောင်သော တပ်ဖွဲ့များသည် ထီးပိုနာ၊ ဘောသပိုး၊ လာကယ်ခေါ် နှင့် ဂွီးတကော် ကျေးရွာများတဝိုက်တွင် မိုင်းထောင်ခဲ့ကြသည်။ ဒီကေဘီအေက ၎င်းတို့ တည်ဆောက်နေသော တံတားတခုကို KNLA မှ လာရောက်တိုက်ခိုက်မည့်အရေးမှ ကာကွယ်ရန် ထိုကဲ့သို့ မိုင်းထောင်ခဲ့သည်ဟု ဆိုသည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လအထိ ကျွဲနွားအကောင် ၃၀ သေဆုံးခဲ့ရပြီး လူအသေအပျောက် မရှိခဲ့ပေ။ [၂၅]

၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များအတွင်း KNLA နှင့် ဝအမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) က ကားမိုင်းများ အသုံးပြုခဲ့သည်ဟူသော သတင်းများ ထွက်ပေါ်လာသည်။[၂၆]

## အစိုးရမဟုတ်သော တခြားလက်နက်ကိုင်အင်အားစုများ၏ မိုင်းထုတ်လုပ်မှု၊ လွှဲပြောင်းမှု နှင့် သိုလှောင်ထားမှု

KNLA၊ DKBA၊ ကရင်နီတပ်မတော် နှင့် UWSA အဖွဲ့များသည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်ကြသည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းများ နှင့် ထောင်ချောက်မိုင်းများကိုလည်း ထုတ်လုပ်ကြသည်။ မြန်မာနိုင်ငံလက်နက်ကိုင်အဖွဲ့များသည် စစ်တပ်မှထောင်ခဲ့သော မိုင်းများကို ပြန်လည် တူးဖော်ခြင်းမှ

---

23 KHRG၊ "သူတို့ကိုအဝေတ်ထားလိုက်၊ ဖာပွန်ခရိုင်အတွင်း စားနပ်ရိက္ခာပြတ်တောက်ခြင်းနှင့် ခေါင်းပုံဖြတ် အနိုင်ကျင့်မှုများ" ၁၅ အောက်တိုဘာ၂၀၀၉၊ p. 7, www.khrg.org.

24 KHRG မှပေးပို့လာသော သတင်း၊ ဖ ဖေ်ပြီ ၂၀၁၀၊ ထုတ်ဝေပြီးနှင့် မထုတ်ဝေရသေးသောအချက်အလက်များမှ KHRG က စုစည်း ပေးထားသည်။

25 KHRG/ "သထုံခရိုင်အတွင်း ခေါင်းပုံဖြတ်အနိုင်ကျင့်မှုနှင့် ရွာသားများ၏ တုန့်ပြန်မှု" ၂၅ နိုဝင်ဘာ၂၀၀၉၊ p. 4, www.khrg.org.

26 ၂၀၁၀ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံပိုင်မီဒီယာများတွင် KNLA အဖွဲ့သည် ကရင်ပြည်နယ်အတွင်း လူနှစ်ဦးသေဆုံး၍ ၁၁ ဦး ဒဏ်ရာရခဲ့သော ကားမိုင်းထောင် တိုက်ခိုက်မှုတွင် တာဝန်ရှိသည်ဟု စွပ်စွဲခဲ့သည်။ "ဖာပွန်မိုင်းဗုံးပေါက်ကွဲမှုတွင် နှစ်ဦးသေ၊ ၁၁ဦး ဒဏ်ရာရ၊" မြန်မာ့အလင်း (နေပြည်တော်)၊ ၂၀ မတ် ၂၀၁၀။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် KHRG အဆိုအရ ဖာပွန်ခရိုင်၊ ဒွေးလိုမြို့နယ် မူသဲကျေးရွာအနီး အတွင်း KNLA က ကားမိုင်းတလုံးထောင်ခဲ့သည်ဟု ဆိုသည်။ ထိုမိုင်းကြောင့် ခြေမြန်တပ်မ (၅၀၅) ပိုင် ကားတစီးပျက်စီးသွားခဲ့သည်ဟု ဆိုသည်။ ၂၀၀၉ခုနှစ် အောက်တိုဘာလတွင် ဝသွေးစည်းညီညွတ်ရေးတပ်မတော်က ရှမ်းပြည်နယ်အရှေ့ဖက်၊ မတ်မန်းစစ်စခန်းအနီးတွင် ကားမိုင်းတလုံး ထောင်ခဲ့ကြောင်း၊ စစ်ကားနင်းမိသောကြောင့် ဗုံးပေါက်ကွဲခဲ့သည်။ သို့သော်သေကြေဒဏ်ရာစာရင်းမသိရ။ ရှမ်းပြည်နယ်တွင် အလုပ်လုပ်ကိုင်နေသော ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တဖွဲ့နှင့်အင်တာဗျူး၊ ချင်းမိုင် ၊နိုဝင်ဘာ ၂၀၀၉။

လည်းကောင်း၊ မြန်မာစစ်တပ်လက်နက်တိုက်များကို သိမ်းယူခြင်းများမှသော်လည်းကောင်း လျှို့ဝှက်လက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများ ရရှိကြသည်။ တချို့လက်နက်ကိုင်အဖွဲ့များသည် စစ်အစိုးရနှင့် အပစ်ရပ်စာချုပ်များ ချုပ်ဆိုထားသော်လည်း လက်နက်ဆက်လက်ဆွဲကိုင်ထားဆဲဖြစ်ပြီး လူသတ်မိုင်းများကိုလည်း လက်ဝယ်ဆက်လက် ထိန်းသိမ်းထားဆဲ ဖြစ်သည်။[၂၇]

၂၀၀၉ခုနှစ်တွင် ထုတ်ဝေသော မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာတွင် ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံလုပ် M26 လေဝဲလူသတ်မိုင်းများ မြန်မာနိုင်ငံတွင် တည်ရှိနေသည်ကို သိရှိနိုင်ခဲ့သည်။ သို့သော် မည်သည့်နေရာမှ ရရှိသည်နှင့် အသုံးပြုသူကို ဖေါ်ထုတ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။[၂၈] ထိုင်းနိုင်ငံသည် မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်သို့ မဝင်ရောက်ခင်က KNLA သည် M26 မိုင်းအမျိုးအစားများကို တော်ဝင်ထိုင်းတပ်မတော်ထံမှ ရရှိခဲ့သည်ဟု လျှို့ဝှက်သတင်းအရင်းအမြစ်တခုက ၂၀၁၀ ခုနှစ်တွင် ထုတ်ဖေါ်ပြောဆိုခဲ့သည်။

## ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်းမူဝါဒ

ပြည်ထောင်စုမြန်မာနိုင်ငံ[၂၉]သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခုမဟုတ်ပေ။ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ် အော်စလိုလုပ်ငန်းစဉ်မှတဆင့် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် လာအိုဒီမိုကရက်တစ်နိုင်ငံ ကျင်းခေါင်တွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှဒေသ ဆိုင်ရာညီလာခံ ဖြစ်ပေါ်လာခဲ့သည်။ ထိုညီလာခံက ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် အော်စလိုမြို့တွင် ကျင်းပခဲ့သည့် ထပ်ဆင့်ပေါက်ကွဲစေသည့် လက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ညီလာခံတွင် သက်ဆိုင်ရာနိုင်ငံများမှ လက်မှတ်ရေးထိုးကြစေရန် အတွက် ရည်ရွယ်ထားသည်။

လတ်တလော ကျင်းပခဲ့သော ဒေသဆိုင်ရာ အစည်းအဝေးဖြစ်သော ၂၀၀၉ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သော ထပ်ဆင်ပေါက်ကွဲလက်နက်ပစ္စည်များ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်ကို မြှင့်တင်ခြင်းနှင့် ကမ္ဘာ့အဝှမ်းကျယ်ပြန့်လာစေရေး ဒေသတွင်း ညီလာခံတွင် မြန်မာနိုင်ငံ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာန နှစ်ခုစလုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

---

27 လက်နက်ကိုင်အဖွဲ့အစည်း တဒါဇင်ခန့်သည် နအဖအစိုးရနှင့် နှုတ်အားဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီထားကြသည်။ "အပစ်အခတ်ရပ်စဲရေးအဖွဲ့များ" ဟု မကြာမဏဆိုသလို ရည်ညွှန်းပြောဆိုလေ့ရှိသော်လည်း တွေ့ဆုံဆွေးနွေးအဖြေရှာမှုတခုဆီသို့ ဦးတည်စေသော တရားဝင်အပစ်ရပ်စာချုပ်များချုပ်ဆိုထားခြင်း မရှိကြပေ။ လူသတ်မိုင်းများအပါအဝင် လက်နက်ဆက်လက်ဆွဲကိုင်ထားနေဆဲ အဖွဲ့များ ဖြစ်ကြသည်။

28 *Landmine Monitor Report 2009*, p. 1,013 ကိုကြည့်ပါ။

29 လက်ရှိ တိုင်းပြည်ကို အုပ်ချုပ်လျက်ရှိသော စစ်အစိုးရသည် တိုင်းပြည်၏ အမည်အား Burma မှ Myanmar သို့ ပြောင်းလဲခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအုပ်စု အများစုနှင့် ပြည်နယ် အမြောက်အများသည် တိုင်းပြည်၏ အမည်အား Burma အနေဖြင့်သာ ဆက်လက် ခေါ်ဝေါ်သုံးစွဲရန် နှစ်သက်ကြသည်"

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက်များနှင့် ပတ်သက်၍ မှတ်သားဖွယ်တရားဝင် ထုတ်ပြန်ချက်တခု ပထမဦးဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့သည်။  နိုင်ငံခြားရေးဌာန အရာရှိက "ယခုသဘောတူ စာချုပ်သည် သက်တမ်းအရ နုငယ်နေသေးသော်လည်း လက်တွေ့တွင် ရင်ဆိုင်နေရသည့် အန္တရာယ်ကတော့ ရှိနေပြီ ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော်ငြား လူသားချင်းဆိုင်ရာ ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ယင်းလက်နက်ဆိုးများ အသုံးပြုခြင်းကို မြန်မာပြည်သူများက ရှုတ်ချပါသည်။" ဟု ပြောဆိုခဲ့သည်။[၃၀]

"မြန်မာနိုင်ငံသည် အမျိုးသားအကျိုးစီးပွားကို လက်ဝယ်ကိုင်စွဲကာ ယင်းစာချုပ်နှင့် စာချုပ်ပါအခန်းများ အထူး အလေးထား လေ့လာနေကြောင်း၊ ထိုမှသာ ယတိပြတ် ဆုံးဖြတ်ရာတွင် ပြည့်ပြည့်စုံစုံ ဖြစ်စေမည် ဖြစ်ကြောင်းနှင့် ထိုမှတဆင့် သဘောတူလက်မှတ်ရေးထိုးခြင်း မပြုမီ သက်ဆိုင်ရာ အစိုးရအေဂျင်စီများအကြား အကြံဉာဏ် ရယူခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" ထိုအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ [၃၁]

သူက တဖန်ဆက်လက်၍ "ဘုံရည်မှန်းချက်ရှိတည်သောကြောင့် နောင်တွင် စာချုပ်နှင့်သက်ဆိုင်သော ကျင်းပမည့် အလားတူ အစည်းအဝေးများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပါဝင်ရန် လိုအပ်ကြောင်း၊ ထပ်ဆင့် ပေါက်ကွဲစေသည့် လက်နက်ပစ္စည်းများ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာခဲ့ရသည့် သေကြေပျက်စီးမှုများကို ကာကွယ် ဟန့်တားရန် ကမ္ဘာ့အဝှမ်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ အားထုတ်မှုကို မြန်မာနိုင်ငံက အထူး အလေးထား ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပူးပေါင်းပါဝင်ရန် အဆင်သင့်ရှိပါကြောင်း၊ ထို့အပြင် ယခုလုပ်ငန်းစဉ် ၏ အရှိန်အဟုန်သည် လူထုအခြေပြု လူမှုအဖွဲ့အစည်းနှင့် စည်းရုံးလှုံ့ဆော်ရေးအုပ်စုများ၏ အားထုတ်ချက်မပါရှိပဲ ယခုအဆင့်သို့ မရောက်ရှိနိုင်သဖြင့် ထိုသူများကိုလည်း မိမိတို့ကိုယ်စားလှယ်အဖွဲ့က အထူး အလေးထား ဂုဏ်ယူပါသည်။" ဟု ပြောဆိုခဲ့သည်။[၃၂]

သို့သော် မြန်မာနိုင်ငံသည် ၂၀၁၀ခုနှစ် ဇွန်လ ချီလီနိုင်ငံ၊ဆန်တီရေးဂိုးတွင်ကျင်းပခဲ့သော ထပ်ဆင့်ပေါက်ကွဲ လက်နက်ပစ္စည်းများအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်းသဘောတူစာချုပ်ဆိုင်ရာနိုင်ငံတကာညီလာခံသို့ တက်ရောက် ခဲ့ခြင်း မရှိပေ။

## ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု၊ ထုတ်လုပ်မှု၊ လွှဲပြောင်းမှု နှင့် သိုလှောင်မှု

30 နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာဌာန လက်ထောက်ညွှန်ကြားရေးမှူး ရဲမြင့်သိန်း၏ ထုတ်ပြန်ကြေငြာချက်၊ ထပ်ဆင့်ပေါက်ကွဲလက်နက်များ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းသဘောတူစာချုပ် မြှင့်တင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာစာချုပ် ဖြစ်လာစေရေး ဒေသဆိုင်ရာ ညီလာခံ၊ ၁၆ နိုဝင်ဘာ ၂၀၀၉

31 ibid

32 ibid

“မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း သို့တည်း မဟုတ် ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစုံတဦးထံသို့ လက်လွှဲပြောင်းပေးခြင်း၊ ယခုစာချုပ်တွင် ကန့်သတ်ထားသည့်လုပ်ငန်းများတွင် တစုံတဦးကို လုပ်ဆောင်လာ နိုင်စေရန် ကူညီပေးခြင်း၊ အားပေးခြင်း သို့မဟုတ် မြူဆွယ်ခြင်းများ ဆောင်ရွက်ခြင်းမရှိ။” ဟု မြန်မာနိုင်ငံက ဘာလီအစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။[၃၃]

## မိုင်းများဖြန့်ကျက်တည်ရှိမှုနှင့် သက်ရောက်မှု

မြေမြှုပ်မိုင်းများသည် မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းအတွင်းရှိ တချို့ဒေသများတွင် အဓိကအန္တရာယ်အဖြစ် ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။ လက်တလောသတင်းအချက်အလက်များအရ တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေး အလွန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တော်လှန်စစ်ပွဲများ၏ ရလဒ်အဖြစ် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်များနှင့် မြန်မာနိုင်ငံ၏ အရှေ့ဖက်ခြမ်းဒေသများတွင် မိုင်းအများအပြား ပြန့်နှံ့တည်ရှိနေသည်ဟု ယုံကြည်ရ သည်။ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း နှင့် တနင်္သာရီတိုင်းများ[၃၄]အတွင်းရှိ မြို့နယ် ၃၃ ပြည်နယ်တွင် မိုင်းများ ဖြန့်ကျက်တည်ရှိမှု၊ အထူးသဖြင့် လူသတ်မိုင်းများ အန္တရာယ်ကို ပြည်သူများ ခံစားနေရသည်။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းသည် မိုင်းအများဆုံး တည်ရှိသည့် ဒေသများအဖြစ် သံသယရှိနေကြပြီး မိုင်းဒဏ်ခံရသူဦးရေအများဆုံး ဒေသများလည်း ဖြစ်သည်။

မိုင်းပြန့်နှံ့တည်ရှိမှုပမာဏ အတိအကျကို ခန့်မှန်းနိုင်ခြင်း မရှိသော်လည်း မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး အဖွဲ့က သံသယရှိဖွယ် အန္တရာယ်များသောဒေသများ (Suspected Hazardous Areas –SHAs) အဖြစ် ၂၀၀၉ ခုနှစ် အစောပိုင်းတွင် အောက်ဖော်ပြပါဒေသများကို သတ်မှတ်ထားသည်။ ကရင်နီပြည်နယ်ရှိ မြို့နယ်များ (ဘောလခဲ၊ ဒီမောဆိုး၊ ဖားဆောင်း၊ ဖရူးဆိုး၊ လွိုင်ကော်၊ မူဆီး၊ ရှားဒေါ)၊ ကရင်ပြည်နယ်ရှိ မြို့နယ်များ (လှိုင်းဘွဲ့၊ ဘားအံ၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ နှင့် သံတောင်)၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၊ မွန်ပြည်နယ် အတွင်းရှိ သံဖြူဇရပ်၊ သထုံ နှင့် ပဲခူးတိုင်းအတွင်းရှိ ရေးမြို့နယ်၊ ကျောက်ကြီး၊ ရွှေကျင် နှင့် ထန်းတပင်မြို့နယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ မောင်းတောမြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ ဆီဆိုင်၊ လဲခိုး၊ မိုင်းပန်၊ မောက်မိုင်၊ နမ်းဆန် နှင့် တာချီလိတ်မြို့နယ်များ၊ တနင်္သာရီတိုင်းအတွင်းရှိ ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရဲဘူးမြို့နယ် များ စသည်တို့ ဖြစ်သည်။ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့က

---

33 ibid

34 မြန်မာနိုင်ငံတွင် ပြည်နယ်ခွဲအုပ်ချုပ်အဆင့် သတ်မှတ်ပေးထားသော ပြည်နယ်နှင့်တိုင်းများဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ဌာနေ တိုင်းရင်းသားများ၏ အမည်ကိုလိုက်၍ ပြည်နယ်များကို အမည်ပေးသည်။ တိုင်းရင်းသားလူမျိုး တသီးတသန့်မရှိသောဒေသများကို တိုင်းဟူ၍ သတ်မှတ်သည်။ လက်ရှိ တိုင်းပြည်ကို အုပ်ချုပ်လျက် ရှိသော စစ်အစိုးရသည် တိုင်းပြည် ၏ အမည်အား Burma မှ Myanmar သို့ ပြောင်းလဲ ခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအုပ်စု အများစုနှင့် ပြည်နယ် အမြောက်အများသည် တိုင်းပြည်၏ အမည်အား Burma အနေဖြင့်သာ ဆက်လက် ခေါ်ဝေါ်သုံးစွဲရန် နှစ်သက်ကြသည်။ ပြည်တွင်းရှိ ပြည်နယ်နှင့် တိုင်းများ၏ အမည်များအား ယေဘုယျ သုံးစွဲနေသည့် ပုံစံမျိုးကိုသာ ဆက်လက်သုံးစွဲကြသည်။ နအဖ က အသုံးပြုသကဲ့သို့ ကွင်းစ ကွင်းပိတ် ဖြင့် ဖော်ပြသုံးစွဲခြင်းမျိုးလည်း ရှိသည်။ ဥပမာ အားဖြင့် ကရင်နီ (ကယား) ပြည်နယ် ဟူ၍ ဖြစ်သည်။

အိန္ဒိယနယ်စပ် ချင်းပြည်နယ်ရှိ ယခင်က လူမသိသော သံသယရှိဖွယ် အန္တရာယ်များသော ဒေသများကိုလည်း တဆက်တည်း ဆိုသလို ရှာဖွေဖော်ထုတ်ခဲ့သည်။[၃၅]

## ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းအကြွင်းအကျန်များနှင့် တခြားစစ်ပွဲအတွင်းမပေါက်ကွဲပဲ ကျန်ရစ်ခဲ့သော အကြွင်းအကျန်များ

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်းမှ ကျန်ရစ်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ လက်နက်ကြီးများ နှင့် လက်နက်ပစ္စည်းများ အပါအဝင် စစ်ပွဲအတွင်း မပေါက်ကွဲပဲ ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက်ရောက်မှုကိုလည်း ခံနေရသည်။ သို့သော် ယင်းလက်နက်ပစ္စည်းများ တည်ရှိနေသည့်နေရာ နှင့် တည်ရှိသည့် ပမာဏနှင့် ပတ်သက်၍ သတင်းအချက်အလက်တစုံတရာ မရှိပေ။[၃၆] ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်း အကြွင်းအကျန်များနှင့်ပတ်သက်၍ အစီရင်ခံချက် တစုံတခုမှ ထွက်ပေါ်လာဖူးခြင်း မရှိပေ။

## မိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်

မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ရှိမှု အလွန်ကြီးမားသော်လည်း လူသားချင်းဆိုင်ရာ မိုင်းလုပ်ငန်းအစီအစဉ်များ မရှိသေးပေ။ ၂၀၁၀ ခုနှစ် အစောပိုင်းတွင် အပြုသဘောဆောင်သော လက္ခဏာတချို့ ရှိခဲ့သည်။ ၂၀၀၉ ခုနှစ်နှစ် ကုန်ပိုင်းတွင် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အထူးကော်မရှင်နာရုံး (UNHCR) က ၎င်း၏ အကာအကွယ် ပေးခြင်း အလုပ်အဖွဲ့ များမှ မြေမြှုပ်မိုင်းဆိုင်ရာလုပ်ငန်းအစုအဖွဲ့ငယ်များကို ဖန်တီး တည်ထောင်ခဲ့သည်။[၃၇]

နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေး နှင့် တိုင်းရင်းသားလူမျိုးစုများရေးရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ အတွင်း မိုင်းပြဿနာတည်ရှိနေကြောင်းနှင့် လူထုအန္တရာယ်လျှော့ပါးရေးပညာပေး (Risk Education –RE) လုပ်ငန်းနှင့် ပတ်သက်သောလုပ်ငန်းအဆိုပြုလွှာများကို ကမ္ဘာ့ကုလသမဂ္ဂထံမှ တောင်းခံခဲ့သည်ဟု သိရသည်။ မြေမြှုပ်မိုင်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့ငယ်များသည် RE လုပ်ငန်းအစီအစဉ်တခု ဖြစ်ပေါ်စေရေးအတွက် အာရုံစိုက် ဆောင်ရွက်မည်ဖြစ်ပြီး၊ အသက်ရှင်ကျန်ရစ်သူများအတွက် ကျန်မာရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေး အထောက်

35 မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့က ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၀ ခုနှစ်မေလအထိ စစ်တမ်းကောက်ယူခဲ့သည်။ အချက်အလက်ကောက်ယူသော သတင်းအရင်းအမြစ်များတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် တခြားအဖွဲ့များမှ ထုတ်ပြန်သော ထိခိုက်ဒဏ်ရာသတင်းများ၊ မိုင်းအန္တရာယ်သတိပေးမှုများ၊ အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ ပါဝင်သည်။ စစ်တမ်းတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီမှ ၂၀၁၀ ခုနှစ် ဇွန်လ အထိ ထိခိုက်ဒဏ်ရာစာရင်းများနှင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီမှ ၂၀၁၀ ခုနှစ် ဇွန်လအထိ တခြားသူများ ပေးပို့သော အချက်အလက်များ ပါဝင်သည်။

36 မင်းသားလေး၊ "မွတ္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်ကကျန်ရစ်ခဲ့သည် ဗုံးတလုံးရှာဖွေတွေ့ရှိခြင်း။" မြန်မာတိုင်းမ်စ်၊ အတွဲ ၂၃၊ အမှတ် ၄၅၅၊ ၂၀၀၉ ဇန်နဝါရီ–ဖေဖော်ဝါရီလ၊ www.mmtimes.com၊ အမည်မဖော်လိုသူ အန်ဂျီအိုတဖွဲ့က မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ပေးပို့လာသော သတင်းအချက်အလက်

37 UNHCR အကာအကွယ်ပေးခြင်း အလုပ်အဖွဲ့ များမှ မြေမြှုပ်မိုင်းဆိုင်ရာလုပ်ငန်းအစုအဖွဲ့ငယ်များ အစည်းအဝေးမှတ်တမ်းများ၊ ရန်ကုန်၊ ၂၃ ဖေဖော်ဝါရီ ၂၀၁၀။

အပုံ့များအကြား ကွာခြားချက်များကို သတ်မှတ်၍ ဖြည့်ဆည်းပေးရေးလုပ်ငန်းများကိုလည်း အာရုံစိုက် လုပ်ဆောင်မည် ဖြစ်သည်။ ထို့အပြင် ယင်းအလုပ်အဖွဲ့ငယ်သည် အိမ်ရှင်တိုင်းပြည်အတွင်းရှိ မည်သည့်ဒေသတွင် စတင်၍ လူသားချင်းဆိုင်ရာ ကူညီသော မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များချမှတ်ရန် ဖြစ်နိုင်ခြေရှိမရှိကိုလည်း ရှာဖွေ လေ့လာမည် ဖြစ်သည်။[၃၈]

## ၂၀၀၉ ခုနှစ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်း

လွန်ခဲ့သော နှစ်အပိုင်းအခြားအတွင်း ရံဖန်ရံခါ စစ်တပ်နှင့် အရပ်သား မိုင်းရှင်းလင်းဖော်ထုတ်မှုအကြောင်း အစီရင်ခံမှုများ ရှိခဲ့သည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် စစ်သားများသည် ဖါပွန်မြို့နယ်အတွင်းရှိ စစ်စခန်းနှစ်ခု အကြား လူသွားလမ်းတခုတွင် မိုင်းရှင်းလင်းနေသည့် ဓါတ်ပုံများကို မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သို့ မြန်မာပြည်လွတ်မြောက်ရေး ရိန်းဂျားများအဖွဲ့ (FBR)[၃၉] က ၂၀၀၉ ခုနှစ် အစောပိုင်းတွင် ပေးပို့ခဲ့သည်။[၄၀]

၂၀၁၀ ခုနှစ် ဖေဖေါ်ဝါရီလတွင် FBR အဖွဲ့က ကျောက်ကြီးနှင့် ဖာပွန်မြို့နယ် အစပ်ဒေသများရှိ ကျေးရွာများတွင် တနှစ်လျှင် ရှစ်ကြိမ်အထိ မိုင်းရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတ္တုပါဝင်မှုနည်းပါး သော M14 လူသတ်မိုင်းတချို့ ရှာဖွေတွေ့ရှိခဲ့ကြောင်း အစီရင်ခဲ့သည်။[၄၁] FBR သည် ၎င်း၏ကယ်ဆယ်ရေး အဖွဲ့များအတွက် မိုင်းအမျိုးအစားသတ်မှတ်ခြင်းနှင့် အရေးပေါ်မိုင်းရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများကိုပါ သင်ရိုး ညွှန်းတမ်းများတွင် ထည့်သွင်းဖေါ်ပြသည်။ ၎င်းတို့ကယ်ဆယ်ရေး လုပ်ငန်းများလုပ်ဆောင်စဉ်ကာလအတွင်း တွေ့ရှိခဲ့သော မိုင်းများကို FBR လုပ်သားများက ဖယ်ရှားပစ်သကဲ့သို့ တခါတရံ ဒေသခံတော်လှန်ရေး တပ်ဖွဲ့များသို့ သတင်းပေးကာ ယင်းတပ်ဖွဲ့များက ဖယ်ရှားပစ်လေ့ရှိသည်။[၄၂]

---

38 ibid

39 FBR သည် "တိုင်းရင်းသားလူမျိုးစုံ လူသားချင်းဆိုင်ရာဝန်ဆောင်မှု အထောက်အပံ့လှုပ်ရှားမှု" တခုအဖြစ် ခံယူထားသည်။ FBR. "FBR ထုတ်ပြန်ကြေငြာချက်၊ www.freeburmarangers.org

40 FBR မှပေးပို့သော ဓါတ်ပုံများ၊ ဘန်ကောက်၊ ၂၅ ဖေဖေါ်ဝါရီ ၂၀၀၉

41 FBR၊ "FBR အစီရင်ခံစာ။ တိုက်ခိုက်မှုများ ဆက်လက်ရှိနေသဖြင့် မိသားစုများ ထွက်ပြေးတိမ်ရှောင်နေခြင်း။ ဓါတ်ပုံအက်ဆေး။" ၂၆ ဖေဖေါ်ဝါရီ ၂၀၁၀။ ww.freeburmarangers.org.

42 FBR၊ "FBR သင်တန်း အစီရင်ခံစာ –ရိန်းဂျားအဖွဲ့ဝင်သစ်များသင်တန်းဆင်ပွဲ၊" ၆ ဒီဇင်ဘာ ၂၀၀၉၊ ww.freeburmarangers.org. မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့ က အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ၁၅ ဖေဖေါ်ဝါရီလ၊ ၂၀၁၀

## လူသားမိုင်းရှင်းလင်းရေးကိရိယာ[၄၃]

၂၀၁၀ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ်က "စစ်အစိုးရတပ်ဖွဲ့များသည် မိုင်းရှိနိုင်သည့် သံသယဖြစ်ဖွယ်ဒေသများအတွင်း အရပ်သားများကို မိုင်းရှင်းလင်းစေခိုင်းသကဲ့သို့ မိုင်းအန္တရာယ်ရှိသောဒေသများအတွင်း အရပ်သားများကို ပေါ်တာအဖြစ် ခိုင်းစေနေကြောင်း ဖော်ပြသည့် အစီရင်ခံစာများကို ရှင်းလင်းတင်ပြခဲ့သည်။ သတင်းအရင်းအမြစ်များ၏ အဆိုအရ အရပ်သား ပြည်သူများသည် အကာအကွယ်မရှိ၊ သင့်တော်သောအတတ်ပညာမရှိဘဲ မိုင်းများကို အတင်းအဓမ္မဖယ်ရှား ခိုင်းခံနေရခြင်းနှင့် မိုင်းခင်းထားသော နေရာခြံစည်းရိုးများကို ပြုပြင်ခိုင်းသဖြင့် အသက်အန္တရာယ်ဖြစ်စေသော ထိခိုက်အနာတရ ဖြစ်မှုများ ဖြစ်ပေါ်စေသည်ဟု သိရသည်။[၄၄]

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တခုတွင် သံတောင်မြို့နယ်အတွင်းရှိ ဂန်ဒိုး၊ ဟိုကီ၊ ခူးပြန်၊ ခူးပြန်ဒိုး နှင့် သေးကီကျေးရွာများမှ ရွာသားများသည် သံတောင်နှင့် ဘောဂလီအကြားလမ်းမတွင် စစ်သားများအရှေ့မှ သွားခိုင်းခဲ့သည်ဟု ဆိုသည်။ ထိုကဲ့သို့ဆောင်ရွက်ပေးရခြင်းသည် လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ နှစ်စဉ် စစ်တပ်အတွက် ဆောင်ရွက်ပေးနေရသည်။[၄၅]

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ဘောဂလီအနီးတဝိုက်တွင် နေထိုင်သော ရွာသားတဦးက မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ စစ်တပ်က မိုင်းရှင်းခိုင်းသောအခါ ၎င်းတို့ မည်သို့လုပ်ဆောင်ခဲ့ရသည်ကို ရှင်းပြခဲ့သည်။ ငါးပေခန့်ရှည်သော ဝါးလုံးထိပ်တွင် သံကွေးချိတ်နှစ်ခုကို ချည်နှောင်ကာ ဝါယာစများ မြေထဲမှ ထွက်လာသည်အထိ လိုက်လံထိုးဆွရသည်ဟု ထိုရွာသားက ပြောဆိုခဲ့သည်။ ဝါယာစများ ပေါ်လာပါက ဝါယာတစကို ဖြတ်တောက်၍ မိုင်းကိုဖော်ကာ လမ်းနဘေးတွင် သေချာစွာ ချထားခဲ့ရသည်ဟု ဆိုသည်။ ထိုနည်းလမ်းကို ကရင့်အမျိုးသားတပ်မတော်မှ တပ်ဖွဲ့ဝင်များလုပ်သည့်အတိုင်း နမူနာယူ၍ လုပ်ဆောင်ခဲ့ကြသည်ဟု ရွာသားများက ပြောဆိုခဲ့သည်။[၄၆]

---

43 မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့က အသုံးပြုသော acrocity demining ဆိုသော ဝေါဟာရမှာ မိုင်းထောင်ထားသည်ဟု သေချာတပ်အပ်သိသော (ဝါ) သံသယရှိသော နေရာများသို့ အရပ်သားပြည်သူများကို အတင်းအကြပ် စေခိုင်းခြင်း (သို့မဟုတ်) သင့်တော်သော သင်တန်း (ဝါ) အထောက်အကူပစ္စည်းမပါရှိပဲ အရပ်သားများကို မိုင်းရှင်းလင်းခိုင်းခြင်းတို့ကို ဆိုလိုသည်။ acrocity demining ကို လူ့အခွင့်အရေးအစီရင်ခံစာများ၌ human mine sweeping ဟုလည်း ရည်ညွှန်းသုံးစွဲသည်။

44 ကုလသမဂ္ဂ အထွေထွေညီလာခံ၊ "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ။" A/HRC/13/48, 10 March 2010, para. 74, www2.ohchr.org.

45 နေရပ်ဒေသမဖော်ပြလိုသော မြို့ခံတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၁၉ ဖေဖော်ဝါရီ ၂၀၁၀

46 မြန်မာစစ်တပ်သည် အရပ်သားပြည်သူများကို အစိုးရမဟုတ်သော လက်နက်ကိုင်အင်အားစုများ ထောင်လေ့ရှိသည့်မိုင်းများကို ရှင်းလင်းခိုင်းလေ့ ရှိသည်။ ၎င်းမိုင်းများမှာ ဝါယာနှင့်ဆက်ထားသော ဘတ်ထရီခလုတ်ဖြင့် ပေါက်ကွဲစေသည့် လက်လုပ်မိုင်းများဖြစ်ပြီး၊ အများဆုံးတွေ့ရသော မိုင်းအမျိုးအစားများ ဖြစ်သည်။ နေရပ်ဒေသမဖော်ပြလိုသော အိုးအိမ်မဲ့ရွာသားတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၁၈ ဖေဖော်ဝါရီ ၂၀၁၀

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် KNLA သည် ကော်သေးဒါ မြန်မာစစ်တပ်စခန်း (တောင်ငူ–မော်ချီ နှင့် တောင်ငူ–ဘူစကီလမ်းဆုံအနီး) နှင့် သအဲထ အကြား လမ်းမပေါ်ရှိ သံတောင်မြို့နယ်အတွင်း လူသတ်မိုင်းထောင်ထားခဲ့သည်။ ထိုဒေသအတွင်းရှိ ရွာသားများအား အကယ်၍ စစ်တပ်က အတင်းအဓမ္မ ပေါ်တာထမ်းခိုင်းပါက စစ်တပ်က ရှေ့မှ မသွားမခြင်း ငြင်းဆန်ရန် KNLA က သတိပေးခဲ့သည်။ ဒီဇင်ဘာလအကုန်တွင် ဂေါကိုကိုး၊ ဂေါသေးဒါ၊ လဲကိုး၊ ဂီလေးစိုကီး နှင့် ဝသိုးကို ကျေးရွာမှ ရွာသားများကို သအဲထစခန်းသို့ ရိက္ခာများ ပို့ဆောင်ခိုင်းရာ ရွာသားများက ငြင်းဆန်ခဲ့သည်။ ထို့နောက် စစ်တပ်သည် KNLA ၏ တိုက်ခံခြင်းမှ ကာကွယ်ရန် ရွာသားများကို ဒိုင်းသဖွယ် အကာအကွယ်ပြု၍ တောလမ်းအတိုင်း သွားခဲ့ကြသည်။[47]

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) က ၂၀၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အောက်ဖော်ပြပါ အဖြစ်အပျက်များနှင့် ပတ်သက်၍ အစီရင်ခံချက်များ ရရှိခဲ့သည်ဟု ဆိုခဲ့သည်။

- ၂၀၀၉ ခုနှစ် အစောပိုင်းတွင် ဖာပွန်မြို့နယ် အရှေ့တောင်ဖက်ခြမ်းနေ ပြည်သူများက ၎င်းတို့သည် မြန်မာစစ်တပ်အတွက် ပေါ်တာအထမ်းသမားနှင့် လူသားမိုင်းရှာကိရိယာများအဖြစ် အတင်းအကြမ်း စေခိုင်းခံခဲ့ရသည်ဟု ဖော်ပြခဲ့သည်။[48]
- လှိုင်းဘွဲ့မြို့နယ် အရှေ့ဖက် တမိုးကျေးရွာစုပါ ထီပါကျေးရွာနေ မိသားစုတော်တော်များများက ၂၀၀၉ ခုနှစ် မေလတွင် စစ်တပ်က ၎င်းတို့စခန်းများနှင့် ခြံစည်းရိုးများ တည်ဆောက်ရန် ရွာသားများကို ဝါး၊ သစ် ခုတ်ရန်၊ ရိက္ခာများသယ်ပေးရန် အမိန့်ပေးခဲ့သဖြင့် ထိုရွာသားများသည် မိုင်းနင်းခံရမည် စိုးသဖြင့် ထွက်ပြေးခဲ့သည်ဟု KHRG သို့ ပြောပြခဲ့သည်။
- ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ခမရ ၆၀ နှင့် ခမရ ၃၅၁ မှ စစ်သားများသည် လှိုင်းဘွဲ့မြို့နယ် အရှေ့ဖက် မော်ဘွီးကျေးရွာသို့ ဝင်ရောက်ကာ ရွာသားလေးဦးကို ဖမ်းဆီးသွားပြီး စစ်သားများရှေ့မှ မိုင်းရှင်းခိုင်းခဲ့သည်။
- ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် မြဝတီမြို့နယ်အတွင်း ဒီမိုကရက်တစ်ဗုဒ္ဓဘာသာတပ်မတော် (DKBA) က ၎င်းတို့အား ပေါ်တာအဖြစ် ခိုင်းစေခြင်း၊ မိုင်းရှင်းခိုင်းခြင်းများ ဆောင်ရွက်ခိုင်းခဲ့သည်ဟု ထွက်ပြေးလာသူ နှစ်ဦးက KHRG သို့ ပြောဆိုခဲ့သည်။
- ၂၀၀၉ ခုနှစ် အောက်တိုဘာလမှ ၂၀၁၀ ခုနှစ် ဇန်နဝါရီလအကြား ဘောဂလီရွာသားများနှင့် သံတောင်မြို့နယ် အနီးတဝိုက်ကျေးရွာများမှ ရွာသားများက လမ်းမပေါ်တွင် KNLA က မိုင်းထောင်ထားမည်ကို စိုးရိမ်သောကြောင့် စစ်တပ်က ကားမောင်းသမားများနှင့် ထရပ်ကားမောင်းသမားများကို စစ်ကားတန်းများရှေ့မှ မကြာခဏဆိုသလို မောင်းခိုင်းခဲ့သည်ဟု ပြောဆိုကြသည်။

---

47 FBR အဖွဲ့ဝင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၁၅ ဖေဖော်ဝါရီ ၂၀၁၀ နှင့် KHRG မှ အီးမေး၊ ၆ ဧပယ် ၂၀၁၀

48 KHRG မှ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ စုဆောင်းရရှိသည့် သတင်းများကို အီးမေးဖြင့် ပေးပို့သည်။ ၆ ဧပြီ ၂၀၁၀

- ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ဖာပွန်မြို့နယ်မြောက်ဖက် ထီးသီအယ်ကျေးရွာမှ ရွာသားများကို ခမရ ၅၄၁ မှ တပ်ရင်းမှူးမျိုးမော်မော်က မိုင်းရှင်းခိုင်းခဲ့သဖြင့် ရွာသားနှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ဒီကေဘီကလည်း အတင်းအဓမ္မ ပေါ်တာဆွဲခံခဲ့ရသူများကို မိုင်းရှင်းလင်းရာတွင် အသုံးပြုခဲ့သည်ဆိုသော စွပ်စွဲချက်များလည်း ထွက်ပေါ်ခဲ့သည်။ ဖာပွန်မြို့နယ် အရှေ့တောင်ဖက်ခြမ်း ပိုးသော်ကီကျေးရွာနေ ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးတဦးက သူသည် ရှေ့တန်း စစ်မျက်နှာတွင် ဒီကေဘီအေ တပ်ရင်း ၆၆ တပ်မှူး ဖာနဒီ နှင့် ၉၉ တပ်ဖွဲ့မှ ဒီကေဘီကေစစ်သားများနှင့်အတူ သူမလွတ်မြောက်ခင် ၂၀၀၉ ခုနှစ် မေလအထိ မိုင်းရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ရကြောင်း ပြောဆိုခဲ့သည်။[၄၉]

## အစိုးရမဟုတ်သော လက်နက်ကိုင်အင်အားစုများ၏ မိုင်းရှင်းလင်းဖေါ်ထုတ်ခြင်းလုပ်ငန်းများ

အစိုးရမဟုတ်သော လက်နက်ကိုင်အင်အားစုများသည် အခြေအနေအားလျော်စွာ မိုင်းရှင်းလင်း ဖေါ်ထုတ်ခြင်းများ လုပ်ဆောင်လေ့ ရှိသည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် KHRG ၏ သုတေသီတဦးသည် ကရင့်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် အတူတကွလိုက်ပါကာ မူလတန်းစာသင်ကျောင်း ရှေ့တည့်တည့်တွင် ထောင်ထားသော မိုင်းနှစ်လုံး ထုတ်ဖေါ်ရှင်းလင်းခြင်းနှင့် ဖာပွန်မြို့နယ် တောင်ဖက်ခြမ်းရှိ စာသင်ကျောင်းသွားရာ လမ်းနဘေးတွင် ထောင်ထားသော မိုင်းဖေါ်ထုတ်ရှင်းလင်းခြင်းကို လိုက်လံလေ့လာ ကြည့်ရှုခဲ့သည်။[၅၀]

ချင်းအမျိုးသားတပ်ဦး/တပ်မတော် (CNF/A) က ၎င်းတို့အဖွဲ့သည် Geneva Call အဖွဲ့နှင့် ကတိကဝတ်ပြု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ မြန်မာ နှင့်အိန္ဒိယနယ်စပ်တွင် ယခင်က ထောင်ထားခဲ့သော မိုင်းများကို ပြန်လည်တူးဖေါ်ရာတွင် မိုင်းအလုံးပေါင်း ၁၆၀၀ မှ ၁၈၀၀ အထိ ရှင်းလင်းဖျက်ဆီးခဲ့ကြောင်း အစီရင်ခံ တင်ပြခဲ့သည်။ CNF/A ၎င်းတို့ ဖျက်ဆီးခဲ့သော လက်ဝယ် သိမ်းဆည်းထားသည့် ပေါက်ကွဲပစ္စည်းများ (တီအန်တီ၊ ယမ်းပျော့အချောင်းများ၊ စနက်တံများ၊ ဝါးပြောင်းများ) အသေးစိတ်ကို တင်ပြခဲ့သည်။[၅၁]

## အန္တရာယ်လျော့နည်းစေရေး တခြားနည်းလမ်းများ

မိုင်းနှင့် စစ်ပွဲအတွင်းက ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများနှင့် ပတ်သက်သော ပညာပေးမှုသည် မိုင်းဒဏ်သင့်ခံနေရသည့် ဒေသများအတွင်း နည်းပါးခြင်း သို့မဟုတ် တခါတရံ လုံးဝမရှိပင် ဖြစ်နေသည်။ နိုင်ငံတွင်း အိုးအိမ်မဲ့ ကရင်ပြည်သူများဆိုင်ရာကော်မတီက ကရင်ပြည်နယ်အတွင်း၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန က တနင်္သာရီတိုင်းအတွင်း၊ ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက ကရင်နီပြည်နယ်အတွင်း

49 FBR မှ ပေးပို့လာသော အီးမေး၊ ၁၆ မတ် ၂၀၁၀

50 KHRG "ဆိုးဆိုးဝါးဝါးချိုးဖောက်မှုများ၊ ၂၀၀၉ ခုနှစ် ကရင်ဒေသများအတွင်း ကလေးအခွင့်အရေးချိုးဖောက်မှုများကို လေ့လာခြင်း" ၃ ဇန်နဝါရီ ၂၀၁၀၊ p. 9, khrg.org.

51 နစ်ကိုးလပ် ဖလိုကွင် (Nicolas Florquin) ထံမှ အီးမေး၊ ပရိုဂရမ်အရာရှိ၊ Geneva Call ၊ ၂၃ ဇွန် ၂၀၀၉

အကန့်အသတ်မျှဖြင့်သာ လုပ်ဆောင်နိုင်သေးသည်။[၅၂] **CNF/A** သည် ၎င်းလှုပ်ရှားရာ ဒေသများအတွင်း ပညာပေးလုပ်ငန်းများ လုပ်ဆောင်သည်ဟုလည်း အစီရင်ခံခဲ့သည်။ [၅၃]

အစိုးရက ဆောင်ရွက်ပေးသော ပညာပေးအစီအစဉ်များ မရှိပေ။ သို့သော် နိုင်ငံအတွင်း တချို့ဒေသများတွင် အာဏာပိုင်များက "မိုင်းအန္တရာယ်သတိပြု" ဟူသော ဆိုင်းဘုတ်များ စိုက်ထူထားသည်။[၅၄]

နယ်လှည့်ကျောပိုးအိတ်ဆေးလုပ်သားအဖွဲ့က ၎င်းတို့၏ ပံ့မှန်ကျန်းမာရေးပညာပေးလုပ်ငန်းအစီအစဉ်မှ တဆင့် မိုင်းပညာပေးလုပ်ငန်းများ ထည့်သွင်း သင်ကြားပေးကြောင်း သို့သော် ၎င်းတို့လုပ်ငန်းမှ လူဦးရေမည်မျှ အကျိုးခံစားခွင့် ရခဲ့သည်နှင့် ပတ်သက်၍ ဖေါ်ပြထားခြင်း မရှိခဲ့ပေ။[၅၅]

## ထိခိုက်ဒဏ်ရာရမှုများ[၅၆]

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တခြားအဖွဲ့အစည်းများက ပေးပို့သော သတင်းအချက်အလက်များ၊ အစိုးရပိုင်နှင့် တသီးပုဂ္ဂလိက မီဒီယာများက ပေးပို့သော သတင်းအစီရင်ခံချက်များကို အခြေခံ၍ မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်အတွင်း မိုင်းနှင့် စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူ အနည်းဆုံး ၂၆၂ ဦး ရှိခဲ့သည်။ စုစုပေါင်းထိခိုက်ဒဏ်ရာရသူများအနက် ၂၅၉ ဦးသည် အရပ်သား ပြည်သူများ ဖြစ်သည်။ နှစ်စဉ်ဖြစ်ထွန်းမှုကို ခွဲခြားလေ့လာရန် အသေးစိတ်အချက်အလက် အလုံအလောက် မရှိခဲ့ပေ။ ၂၀၀၈ ခုနှစ်တွင် အရပ်သားအနည်းဆုံး ၂၁၃ ဦး (၃၀ ဦးသေ၊ ၁၈၃ ဦးဒဏ်ရာရ) ထိခိုက်ဒဏ်ရာရခဲ့သည့်အကြောင်းအား အလားတူ သတင်းအရင်း အမြစ်များမှ ရရှိခဲ့သည်။

စနစ်တကျ အချက်အလက်ကောက်ယူမှု အားနည်းခြင်းနှင့် နှစ်စဉ်အလိုက် အချက်အလက်ရရှိရာ သတင်းအရင်း အမြစ် မတူကွဲပြားသောကြောင့် အစီရင်ခံတင်ပြရာတွင် တိုင်းပြည်တခုလုံး၏ မိုင်းနှင့်စစ်ပွဲအတွင်း ကျန်ရစ်ခဲ့သော

[၅၂] နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူ ကရင်လူမျိုးများ ထောက်ပံ့ကူညီပေးရေးကော်မတီက ကရင်ပြည်နယ်အတွင်း၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးကရင်ဌာနက တနင်္သာရီတိုင်းအတွင်း၊ ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာနက ကရင်နီပြည်နယ်အတွင်း RE ပညာပေးလုပ်ငန်းများကို ဒေသတွင်းလုပ်ကိုင်နေသော အန်ဂျီအိုတခု၏ နည်းပညာအထောက်အပံ့ဖြင့် ဆောင်ရွက်နေဆဲ ဖြစ်သည်။ ဒေသတွင်းဆောင်ရွက်နေသော အမည်မဖေါ်လိုသည့် အန်ဂျီအိုတခုက မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ အချက်အလက်များ ပေးပို့ခဲ့သည်။ ၁၇ ဇွန် ၂၀၀၉။

[၅၃] Geneva Call "အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ မိုင်းဆိုင်ရာလုပ်ငန်းများ နှင့် လူသတ်မိုင်းများ အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းဆိုင်ရာ ကတိကဝတ်ပြုစာချွန်လွှာကို လိုက်နာခြင်း၊ ဇန်နဝါရီ ၂၀၀၈ မှ ဇွန် ၂၀၁၀၊" Geneva ဇွန် ၂၀၁၀ ၊ p. 6

[၅၄] မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းအတွင်း လေ့လာမှု၊ ရန်ကုန်၊ ဖေဖေါ်ဝါရီ ၂ – ၆၊ ၂၀၀၉။

[၅၅] ကျောပိုးအိတ်ဆေးလုပ်သားအဖွဲ့များ၊ " မြန်မာနိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူများအကြား အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ၂၀၀၉ ခုနှစ် နှစ်လည်အစီရင်ခံစာ၊" www.backpackteam.org.

[၅၆] မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ထိခိုက်သေဆုံးမှု အချက်အလက်များသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ မှ ဒီဇင်ဘာ ၃၁ အထိ ဖြန့်ချိသော မြန်မာ့အလင်းသတင်းစာ၊ ထုတ်ဝေပြီးနှင့် မထုတ်ဝေရသေးသော အချက်အလက်များမှ KHRG က စုစည်းပေးထားသော သတင်းအချက်အလက်များ၊ ၆ ဧပြီ ၂၀၁၀၊ BPHWT မှ အီးမေးလ်၊ ၂၃ မတ်လ ၂၀၁၀၊ FBR မှ အီးမေးလ်၊ ၂၀ မတ်လ ၂၀၁၀၊ Jean-Jacques Bovay မှအီးမေး၊ ကိုယ်စားလှယ်၊ ချင်းမိုင်အခြေစိုက်၊ ICRC ၊ ၄ ဖေဖေါ်ဝါရီ ၂၀၁၀

ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူ အားလုံးကို ထင်ဟပ်နိုင်ခြင်း မရှိပေ။ ၂၀၀၉ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရသူအများအပြား အစီရင်ခံစာတွင် မပါရှိသည်ကို ကမ္ဘာ့ကုလသမဂ္ဂက သတိထားမိသည်။[၅၇]

၂၀၀၉ ခုနှစ်အတွင်း မိုင်းရှင်းလင်းခြင်းမှ ထိခိုက်မှုများရရှိခြင်းနှင့် ပတ်သက်၍ တင်ပြခဲ့ခြင်း မရှိခဲ့ပေ။ ၂၀၀၉ ခုနှစ်အတွင်း အတင်းအဓမ္မ မိုင်းရှင်းလင်းခိုင်းစေခြင်းမှ အနည်းဆုံးအရပ်သားနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့သည်။[၅၈]

၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အတင်းအဓမ္မ ဒုက္ခသည်များ ပြန်ပို့ခံခဲ့ရသောဒေသတွင် အရပ်သား လေးဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ [၅၉]

၂၀၀၉ ခုနှစ် မိုင်းနှင့် စစ်ပွဲအတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုသည် ၂၀၀၄ ခုနှစ်မှစ၍ အနည်းဆုံး ဖြစ်ခဲ့သည်။[၆၀] သို့သော် သတင်းအချက် အလက်ရရှိနိုင်မှု အကန့်အသတ် ဖြစ်သောကြောင့် ၂၀၀၉ ခုနှစ်တွင် စစ်ဖက်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုသည် ၃ ဦးသာရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ၅၀၈ ဦး ရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့သည်။ ထိုနှစ်အတွင်း စစ်ဖက်ဆိုင်ရာထိခိုက်ဒဏ်ရာရမှုနှင့် ပတ်သက်၍ သတင်းအချက်အလက် မကြုံစဖူး အလုံအလောက် ရရှိခဲ့သောကြောင့် ထိခိုက်ဒဏ်ရာရသူ ၇၂၁ ဦး (၈၉ ဦးသေ နှင့် ၆၃၂ ဦးဒဏ်ရာရ) စုစုပေါင်း ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်မတိုင်ခင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက စစ်ရေးဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုနှင့်ပတ်သက်၍ တစုံတရာ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။[၆၁]

၁၉၉၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရရှိသူပေါင်း အနည်းဆုံး စုစုပေါင်း ၂၅၈၇ ဦး (၁၈၃ ဦးသေ၊ ၂၂၀၇ ဦးဒဏ်ရာ နှင့် ၁၉၇ ဦး အကြောင်းရင်းမသိရ) ရှိခဲ့သည်ဟု မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့က သတ်မှတ်ဖေါ်ထုတ်ထားသည်။

## မိုင်းဒဏ်ခံခဲ့ရသူများအတွက် အကူအညီ

မြန်မာနိုင်ငံတွင် မိုင်းနှင့် စစ်ပွဲအတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူ ဦးရေ စုစုပေါင်းကို မသိရသော်လည်း ၁၉၉၉ ခုနှစ်မှစ၍ အနည်းဆုံး အသက်ရှင် ကျန်ရစ်သူပေါင်း ၂၂၀၇ ဦး

---

57 ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ "မြန်မာနိုင်ငံ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊" S/2009/278, 1 June 2009, para. 38.

58 အထက်ဖေါ်ပြပါ အဖြစ်အပျက်သည် ထုတ်ဝေပြီးနှင့် မထုတ်ဝေရသေးသောအချက်အလက်များမှ KHRG က မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့ စုစည်းပေးထားသော သတင်းအချက်အလက်များမှ ထုတ်နှုတ်သည်။ ၆ ဧပြီ ၂၀၁၀

59 တဆောင်ယန်းခရိုင်အတွင်း နေထိုင်နေသော ဒုက္ခသည်များ၏ လူအခွင့်အရေးနှင့် လုံခြုံရေးအတွက် ခြိမ်းခြောက်မှုများ"၊ KHRG ၊ ၂၇ ဇန်နဝါရီ ၂၀၁၀ နှင့် Human Rights Watch "ထိုင်းနိုင်ငံ၊ ကရင်ဒုက္ခသည်များအပေါ် ခြိမ်းခြောက်နေခြင်းအား ရပ်တန့်ပစ်ရန်။" သတင်းထုတ်ပြန်ချက်၊ ၅ ဖေဖေါ်ဝါရီ ၂၀၁၀၊

60 မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (၂၀၀၉) p. 1,033.ကို ကြည့်ပါ။

61 ibid

ရှိသည်။[၆၂] မြန်မာနိုင်ငံတွင် အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်နှင့် ပတ်သက်၍ မည်သည့်အခါမှ စုံစမ်းလေ့လာခဲ့ခြင်း မရှိပေ။ ကျန်မာရေးဝန်ကြီးဌာနသည် တခြားဒဏ်ရာရသူဦးရေ နှင့် မိုင်းနှင့် စစ်ပွဲအတွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုဦးရေကို သီးသန့်ခွဲခြမ်းထားခြင်း မရှိပေ။[၆၃]

## မိုင်းဒဏ်သင့်ခံခဲ့ရသူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

မြန်မာနိုင်ငံတွင် မိုင်းဒဏ်သင့်ခံခဲ့ရသူများအတွက် အကူအညီပေးသည့်အစီအစဉ် (သို့မဟုတ်) မဟာဗျူဟာမရှိပေ။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရာ ဝန်ကြီးဌာနသည် မသန်စွမ်းသူများဆိုင်ရာ ကိစ္စရပ်များအတွက် တာဝန်ရှိပြီး၊ လူမှုစီးပွား နှင့် ပြန်လည်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများအတွက်လည်း ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။[၆၄] ၂၀၀၉ ခုနှစ် အတွင်း အသက်ရှင် ကျန်ရစ်ခဲ့သူများအတွက် အကူအညီပေးရေး အစီအစဉ်များ ထည့်သွင်းထားခြင်း မရှိပေ။

## ဝန်ဆောင်မှုများ အသုံးပြုနိုင်မှု နှင့် ထိရောက်မှု

မြန်မာနိုင်ငံတွင် မိုင်းနှင့် စစ်ပွဲအတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုကြောင့် အသက်ရှင်ကျန်ရစ်သူများ နှင့် မသန်စွမ်းသူများအတွက် အကူအညီပေးမှုသည် နှစ်ပေါင်းများစွာကြာ အာဏာပိုင်များ လစ်လျူရှုထားသော ကျန်းမာရေးစနစ်ကြောင့် ထိရောက်မှုမရှိပေ။ သို့သော် မိုင်းနှင့်စစ်ပွဲ အတွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုကြောင့် အသက်ရှင်ကျန်ရစ်သူများ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစု ပျိုးထောင်ခြင်း၊ အရိုးကုသမှုပေးခြင်းနှင့် ခြေတုလက်တု တပ်ဆင်ပေးခြင်း ဝန်ဆောင်မှု လုပ်ငန်းများကို ၂၀၀၉ ခုနှစ်စ၍ ထိုင်း နှင့် မြန်မာနိုင်ငံ၏နယ်စပ်အနီး ပြန်လည်ပြုစုပျိုးထောင်ရေး ဌာနများတွင် ရရှိနိုင်သည်။[၆၅]

အစိုးရက ဆောင်ရွက်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးပြောင်းလဲလာမှုနှင့် ပတ်သက်၍ တစုံတရာ အစီရင်ခံမှု မရှိခဲ့ပေ။ မြန်မာ့အလင်းသတင်းစာတွင် မိုင်းနှင့်စစ်ပွဲအတွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုကြောင့် ထိခိုက်ဒဏ်ရရသူများအတွက် အကူအညီပေးသော သတင်းများ ဖေါ်ပြခဲ့သော်လည်း မည်သည့်အကူအညီမျိုး ဆောင်ရွက်ပေးခြင်းအား ဖေါ်ပြခဲ့ခြင်းမရှိပေ။[၆၆] နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ထိုင်းမြန်မာနယ်စပ်တလျှောက် အကြမ်းဖက်မှု ဖြစ်ပွားရာ ဒေသများရှိ အရပ်သားပြည်သူများ

---

62 ၁၉၉၉ ခုနှစ် မှ ၂၀၀၉ ခုနှစ်အထိ ဒဏ်ရသူဦးရေ ၂၂၀၇ ဦးကို အခြေခံသည်။

63 ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ "မြန်မာနိုင်ငံ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊" S/2009/278, 1 June 2009, para. 38.

64 အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ "၂၀၀၉ ခုနှစ် နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးလိုက်နာဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ၊ ၁၁ မတ်လ ၂၀၁၀။

65 ကရင်နီပြည်သူ့လွတ်မြောက်ရေးတပ်ဦး၏ လူမှုရေးလက်တံဖြစ်သော ကရင်နီကျန်းမာရေးလုပ်သားများအဖွဲ့ နှင့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်ပြန်လည်ဖေါ်ဆောင်ရေးကောင်စီတို့ လူမှုရေးလက်တံဖြစ်သော SHC တို့ဖြစ်သည်။

66 ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ မြန်မာ့အလင်းသတင်းစာတွင် ရေးသားဖေါ်ပြထားသော ထိခိုက်သေဆုံးမှု ၁၁ နှင့်ပတ်သက်၍ သုံးသပ်ချက်ကို အခြေခံထားသည်။

အတွက် အကူအညီပေးခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းမှ ရပ်တန့်ပစ်ရန် အစိုးရက ကန့်သတ်ချုပ်ချယ်မှုများ ချမှတ်ခဲ့သည်။[၆၇] ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများ နှင့် ၎င်းတို့ကွင်းဆင်း လုပ်ငန်းရုံးများက မိုင်းနှင့် စစ်ပွဲအတွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုကြောင့် အသက်ရှင်ကျန်ရစ်သူ တဦးချင်းစီ အလိုက် ၂၀၀၉ ခုနှစ် [၆၈]တွင် ကူညီပေးခဲ့သော်လည်း ကိန်းဂဏန်းကို မသိရပေ။

---

67 ICRC "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၀၉ ခုနှစ်၊" Geneva မေ၊ ၂၀၁၀ p. 209.

68 အသက်ရှင်ကျန်ရစ်ခဲ့သူတဦးနှင့် တွေ့ဆုံမေးမြန်းချက်။ ရှမ်းခြေတုလက်တုတပ်ဆင်ရေးဌာန၊ ပန်မဖာ၊ ထိုင်းနိုင်ငံ၊ ၆ မတ်လ ၂၀၁၀

## ၂၀၀၉ ခုနှစ်အတွင်း မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသူများအတွက် အကူအညီ[၆၉]

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား | ၂၀၀၉ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ |
| --- | --- | --- | --- |
| ကျန်းမာရေးဝန်ကြီး ဌာန | အစိုးရ | ခြေတုလက်တုတပ်ဆင်ရေးဌာန များနှင့် အရိုးကုဆေးရုံနှစ်ရုံ။ | ခြေတုလက်တုထုတ်လုပ်မှု ကျဆင်းလာ။ |
| ကာကွယ်ရေး ဝန်ကြီးဌာန | အစိုးရ | ဌာနသုံးခုမှတဆင့်ခြေတုလက်တု တပ်ဆင်ပေးသည်။ | မသိရ။ |
| လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန | အစိုးရ | လူမှုစီးပွားရေးနှင့်ပြန်လည် ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုများ၊ မိုင်းနှင့်တခြားပေါက်ကွဲစေသောပစ္စည်းများကြောင့် အသက်ရှင်ကျန်ရစ်သူများ အပါအဝင်မသန်းမစွမ်းသူများ အတွက်အတတ်ပညာသင် ကျောင်းများ။ | ကိန်းဂဏန်းအရေအတွက် လူသိရှင်ကြားထုတ်ဖော်ခြင်း မရှိ။ |
| ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း | နိုင်ငံတကာ နှင့် နိုင်ငံတော်အဖွဲ့အစည်း | ဘားအံအရိုးကုဌာနနှင့်ရပ်ဝေး ဒေသများအတွက်ခြေတုလက် တုတပ်ဆင်ခြင်းအတွက် ထောက်ပံ့ ပေးသည်။ | ပဲခူးတိုင်းအရှေ့ခြမ်းနှင့် ကရင်နီပြည်နယ်အတွင်းရှိ မြို့နယ်အသစ်များလုပ်ငန်း ချဲ့ထွင်ခဲ့သည်။ |
| ဂျပန်နိုင်ငံအကူအညီ ပေးရေး၊ ကယ်ဆယ် | နိုင်ငံတကာ | အတတ်ပညာသင်သင်တန်း၊ လူထုအခြေပြု ပြန်လည်ပြုစုပျိုး | မိုင်းနှင့်စစ်အတွင်းကျန်ရစ်ခဲ့ သောပေါက်ကွဲပစ္စည်းများ |

69 မသန်မစွမ်းသူများဆိုင်ရာ အာရှပစိဖိတ်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြန်မာနိုင်ငံအကြောင်း၊ ။ မြတ်သူဝင်းနှင့် တွေ့ဆုံမေးခြင်းချက်၊ ဒါရိုက်တာ၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ ရန်ကုန်၊ ၆ ဖေဖော်ဝါရီ ၂၀၀၉။ BPHWT မှအီးမေးလ်၊ ၂၃ မတ်လ ၂၀၁၀။ FBR သင်တန်း အစီရင်ခံစာ – ရိန်းဂျားအဖွဲ့ဝင်သစ်များ သင်တန်းဆင်းပွဲ၊” ၆ ဒီဇင်ဘာ ၂၀၀၉၊ www.freeburmarangers.org ၊ ဆာယိုကာ နိုဂီယာထံမှ အီးမေးလ်၊ ဒါရိုက်တာ၊ မြန်မာပရောဂျက်၊ AAR ဂျပန်၊ ၃၀ ပြေ ၂၀၁၀။ DCA မှအီးမေးလ်၊ ၁၀ ဇွန် ၂၀၁၀

| | | | |
|---|---|---|---|
| ရေးအသင်း (AAR Japan) | အန်ဂျီအို | ထောင်ရေးလုပ်ငန်းများ (CBR) နှင့်လက်လွှဲပြောင်းရေးလုပ်ငန်း။ | ဒဏ်ကြောင့်အသက်ရှင်ကျန်ရစ်သူများအတွက် အကူအညီပေးခြင်း အပါအဝင် CBR လုပ်ငန်း ဖွင့်လှစ်ဆောင်ရွက် ခြင်း။ |
| ရွှေမင်းသား ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသစရိတ်၊ဆေးရုံ ဆေးခန်းသို့ခရီးသွားစရိတ်နှင့် အစားအစာထောက်ပံ့ပေးခြင်း။ | ဘဏ္ဍာငွေအကန့်အသတ် ကြောင့်အကူအညီတောင်းခံ သူအသက်ရှင်ကျန်ရစ်သူ တချို့ အကူအညီမရခဲ့။ |
| နယ်လှည့်ကျောပိုး အိတ်ဆေးတပ်ဖွဲ့ (BPHWT) | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်းလှည့်လည်အရေးပေါ် ဆေးကုသမှု။ | မပြောင်းလဲ။ |
| ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့ | လူထုအခြေပြု အဖွဲ့အစည်း | ကရင်နီပြည်နယ်လွိုင်ကော်တွင် ခြေတုလက်တုတပ်ဆင် ပေးသည်။ | မပြောင်းလဲ။ |
| မြန်မာပြည်လွတ် မြောက်ရေးရိန်းဂျား များအဖွဲ့ (FBR) | ပြည်တွင်း အန်ဂျီအို | ဆေးဝါးစောင့်ရှောက်မှု၊ လှုပ်ရှားဆေးကုရေးအဖွဲ့များကို လေ့ကျင့်သင်တန်းပေးခြင်း၊ ထောက်ပံ့ပေးခြင်း။ | ၂၀၀၉ခုနှစ်မေလမှစ၍ မိုင်းနှင့်စစ်အတွင်းကျန်ရစ် သောပေါက်ကွဲပစ္စည်းများ ထိခိုက်မှုများအတွက် အရေးပေါ်အကူအညီ ပေးနိုင်ခြင်းမရှိပေ။ |
| နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင်လူမျိုးများ ကူညီစောင့်ရှောက် ရေး ကော်မတီ | လူထုအခြေပြု အဖွဲ့အစည်း | ကရင်ပြည်နယ် မူသရောမြို့နယ် ခိုကေခြေတုလက်တုဆေးခန်းမှ ခြေတုလက်တု ထုတ်လုပ်သည်။ | ဒန်ချာ့ချ်အကူအညီပေးရေး အဖွဲ့(DCA)၏အကူအညီဖြင့် ၂၀၀၉ခုနှစ် တွင် ဆေးခန်းကို တိုးချဲ့ ခဲ့သည်။ ထုတ်လုပ်မှု တိုးမြင့်လာခြင်း၊လေ့ကျင့် သင်ကြားပေးထားသော ခြေတုလက်တုတပ်ဆင်ရေး |

| | | | |
|---|---|---|---|
| | | | အလုပ်အဖွဲ့အသစ်များ ရှိလာခြင်း။ |

မြန်မာနိုင်ငံ၏ မိုင်းကြောင့်ထိခိုက်မှုအရှိဆုံးဒေသတွင် တည်ဆောက်ထားသော ဘားအံအရိုးကုဌာနသို့ တဦးချင်း လာရောက်ကုသခံယူသူ လူနာဦးရေသည် ၂၀၀၈ ခုနှစ်ထက် ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တခြားဒေသ များတွင် အလားတူခြေတုလက်တု ဝန်ဆောင်မှုလုပ်ငန်းများ မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ သို့သော် ၂၀၀၉ ခုနှစ် တွင် မိုင်းနှင့် စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲပစ္စည်းများဒဏ်ကြောင့် အသက်ရှင်ကျန်ရစ်သူများအတွက် ဌာနက ကုသပေးခဲ့ရမှုသည် ၂၀၀၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့သည်။[70]

ကိုယ်ခန္ဓာမသန်စွမ်းဖြစ်သွားသော ပုဂ္ဂလိကအလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု အစီအစဉ် အစိုးရထံတွင် မရှိခဲ့ပေ။ သို့သော် စစ်ပြန်ဒုက္ခိတများအတွက် ဦးစားပေးအဆင့် အကျိုးခံစားခွင့် ရရှိကာ တသက်တာ မသန်မစွမ်းဖြစ်သွားသော စစ်မှုထမ်းမဟုတ်သူများအတွက်လည်း အကျိုးခံစားခွင့် တောင်းခံခွင့် ရှိသည်။ မသန်မစွမ်းသူများကို ကူညီပေးသော ဝန်ဆောင်မှုလုပ်ငန်းအတွက် ငွေကြေး မဆိုသလောက်သာရှိသည်။ မသန်မစွမ်းသူများအတွက် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသော ဥပဒေ မြန်မာနိုင်ငံတွင် မရှိပေ။[71]

၂၀၁၀ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ မသန်မစွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခြင်း မရှိခဲ့သေးပေ။

## ထိုင်းနိုင်ငံအတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများ

ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ မိုင်းနှင့်စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲပစ္စည်းများ ထိခိုက်မှုမှ အသက်ရှင်ကျန်ရစ် သူများအတွက် အဓိကအားဖြင့် ဒုက္ခသည်စခန်းများရှိ ဆေးပေးခန်းများ၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ် ထိစပ်နေသော ခရိုင်ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှုပေးသည်။ (နောက်တမျက်နှာကိုကြည့်ပါ။)

70 ICRC "နှစ်ပတ်လည်အစီရင်ခံစာ (၂၀၀၉ ခုနှစ်)" Geneva မေ ၂၀၁၀၊ နှင့် ICRC "နှစ်ပတ်လည်အစီရင်ခံစာ (၂၀၀၈ ခုနှစ်)၊ Geneva မေ ၂၀၀၉၊

71 အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ "၂၀၀၉ ခုနှစ် နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေး လိုက်နာဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ၊ ၁၁ မတ်လ ၂၀၁၀။

## ၂၀၀၉ ခုနှစ်အတွင်းမြန်မာနိုင်ငံသားများအတွက် ထိုင်းမြန်မာနယ်စပ်ရှိ မိုင်းထိခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများအတွက် အကူအညီပေးရေးလုပ်ငန်းများ[72]

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား | ၂၀၀၉ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏအပြောင်းအလဲ |
|---|---|---|---|
| Prosthesis Foundation | နိုင်ငံတော် အဆင့် NGO | အခမဲ့ခြေတုလက်တုတပ်ဆင်ပေးခြင်း။ | မပြောင်းလဲ။ |
| မယ်တော်ဆေးပေးခန်း | နယ်မြေ အဆင့် NGO | ခြေတုလက်တုနှင့်ပြန်လည်ပျိုးထောင်ရေးဝန်ဆောင်မှုများ၊ထိခိုက်ဒဏ်ရာကုသပေးမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများ | ခြေတုလက်တုတပ်ဆင်ပေးသူ ၁၈ဦးမှ၃၅ဦးအထိတိုးမြင့်ခဲ့သည်။ခြေတုလက်တုပညာရှင်အသစ်လေ့ကျင့်သင်ကြားပေးခြင်းမရှိ။ |
| ရှမ်းကျန်းမာရေးကော်မတီ (SHC) | လူထုအခြေပြု အဖွဲ့အစည်း | ပန်မဖ၊ဝိန်းဟန်၊မဲ့ဖလောင်နှင့် လွိုင်ကိုင်ဝမ်ဒေသများတွင်ခြေတုလက်တုတပ်ဆင်ပေးသောလုပ်ငန်းများနှင့်တခြားဝင်ငွေရလုပ်ငန်းများ။ | သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းမှ ထပ်ဆင့်ခံစားခွင့်ရှိသူဦးရေတိုးများလာခြင်း။ |
| ကရင်မသန်မစွမ်းသူကူညီ စောင့်ရှောက် | လူထုအခြေပြု | မယ်လဒုက္ခသည်စခန်းဆေးခန်းတွင်မိုင်းနှင့်စစ်အတွင်းမပေါက် | မပြောင်းလဲ။ |

72 နယ်ခြားမဲ့အကူအညီပေးအဖွဲ့ ( Helfen ohne Grenzen, HoG) က SHC သို့လည်း ထောက်ပံ့ပေးခဲ့သည်။ Melody Mociulski ထံမှ အီးမေး၊ အရှေ့တောင်အာရှပရိုဂရမ် ဒါရိုက်တာ၊ CPI ၊ ၂၆ မတ် ၂၀၁၀၊ Alex Ellgee, “Landmine Victims Find Solace at Mae La,” ဧရာဝတီမဂ္ဂဇင်း၊ www.irrawaddy.org / “The shame of Mae La refugee camp,” ဘန်ကောက်ပို့စ်သတင်းစာ၊ www.bangkokpost.com/ “Where Once Was Only Darkness…,” Worldwide Impact ၊ ၁၂ ဖေဖော်ဝါရီ ၂၀၁၀၊ worldwideimpact.wordpress.com ၊ အဲသွာဘော ထံမှ အီးမေးလ်၊ စီမံခန့်ခွဲရေးမှူး၊ မယ်တော်ဆေးခန်း၊ ၁၈ မတ်လ ၂၀၀၉၊ မယ်တော်ဆေးခန်းဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ၁၉ မတ်လ ၂၀၁၀၊ Kiriti Ray ထံမှ အီးမေး၊ ထိုင်းနိုင်ငံတာဝန်ခံ နှင့် မြန်မာနိုင်ငံနယ်စပ်ပရိုဂရမ်မန်နေဂျာ၊ ထိုင်း–ကမ္ဘောဒီးယားဒေသဆိုင်ရာပရိုဂရမ်၊ Handicap International ၊ ၁၉ ဖေဖော်ဝါရီ ၂၀၁၀ နှင့် Jean-Jacques Bovay မှအီးမေး၊ ကိုယ်စားလှယ်၊ ချင်းမိုင်အခြေစိုက်၊ ICRC ၊ ၄ ဖေဖော်ဝါရီ ၂၀၁၀။ HoG သည် SHC သို့လည်း ထောက်ပံ့ပေးခဲ့သည်။

| | | | |
|---|---|---|---|
| ရေးအသင်းမှတည်ထောင်ထားသော Care Villa ဆေးပေးခန်း | အဖွဲ့အစည်း | ကွဲကျန်ရစ်သည့်ပေါက်ကွဲစေသည့်ပစ္စည်းများကြောင့်မျက်စိကွယ်ခဲ့သူ ၂၀ဦးအတွက်အကူအညီများ ပေးခြင်း။ | |
| Clear Path International | နိုင်ငံတကာ NGO | ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံအတွင်းရှိတည်ရှိနေပြီးသားလုပ်ငန်းများအတွက်ခြေတုလက်တု၊သင်တန်း၊ဝင်ငွေဖန်တီးခြင်းလုပ်ငန်းများအတွက်အထောက်အပံ့များပေးခြင်း။ | အထောက်အပံ့များတိုးမြင့်လာခြင်းနှင့်အသက်ရှင်ကျန်ရစ်သူများအတွက်စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လာခြင်း။ |
| ICRC | နိုင်ငံတကာအဖွဲ့အစည်း | ထိုင်းဆေးရုံများတွင်ဆေးကုသခံယူနေရသောစစ်ပွဲကြောင့်ထိခိုက်ဒဏ်ရာရသူများအတွက်ဆေးရုံစရိတ်နှင့်ကုသမှုစရိတ်များကျခံပေးခြင်း။ | ခံစားခွင့်ရှိသူဦးရေတိုးမြင့်လာခြင်း။ |
| Handicap International မြန်မာနယ်စပ်လုပ်ငန်းပရောဂျက် | နိုင်ငံတကာ NGO | အကြောအဆစ်ကုထုံး၊ခြေတုလက်တု၊အဆောက်အဦများအသုံးပြုခွင့်နှင့်လှုပ်ရှားမှုရေးလုပ်ငန်းများ | မပြောင်းလဲ။ |
| ထိုင်းဆေးရုံများ | အစိုးရ | မြန်မာနှင့်ကမ္ဘောဒီးယားမှမိုင်းနှင့်စစ်အတွင်းမပေါက်ကွဲကျန်ရစ်သည့်မိုင်းကြောင့်ထိခိုက်မှုကြောင့်အသက်ရှင်ကျန်ရစ်သူများအတွက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။ | မပြောင်းလဲ။ |